# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၂)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ၊၅-၁၀-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထား၍စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ခေတ်မီတိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဆရာများသည် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာသင်ယူနေကြရန်လိုအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
( ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများ ခင်ဗျာ..

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးမှ ဆရာ ဆရာမများ၏ မြင့်မြတ်ကြီးမားသောဂုဏ်ကို ချီးကျူးဂုဏ်ပြုသတ်မှတ်သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကမ္ဘာ့ဆရာများနေ့ဖြစ်ပါသည်။

၁၉၉၄ ခုနှစ်မှစတင်ကာ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ကမ္ဘာအနှံ့ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၃၂) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၃ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## “ရွှေနှစ် ၁၀၀ ထူးချွန်မှု၊ ဆန်းသစ်တီထွင်ဦးဆောင်ပြု၊ စိတ်ဉာဏ်စွမ်းအားတိုးမြှင့်ထား၊ အနာဂတ်ကိုပုံဖော်ထား”



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်အဓိပတိများနှင့် ပါမောက္ခချုပ်များ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် အထင်ကရပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၄

မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပညာရှင်၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား

စာမျက်နှာ ၄ သို့

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၅ ရက်၊ တနင်္ဂနွေနေ့။

## ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူး

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ (၅) ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထားသည်။ ဆရာဟူသည် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြပေးသူဖြစ်သည်။ အချို့ကလည်း ဆာယာ ဟူသော စကားမှ ဆရာဖြစ်လာသည်ဟု ဆိုကြသည်။ ဆာယာမှာ အေးရိပ်ကို ဆိုလိုသည်။ ထို့ကြောင့် နားခိုရန် အေးမြသော အရိပ်ပေးစွမ်းနိုင်သူကို ဆရာဟုပင် တင်စားရမည်ဖြစ်သည်။ နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းများက စီစဉ်ခဲ့ကြသည်။ လက်အောက်ခံအဖွဲ့အစည်းများမှာ ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူအင်ဒီပီနှင့် ယူနီဆက်တို့ဖြစ်သည်။ ယင်းအဖွဲ့များ၏ တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများသို့ စပေါင်းသဝဏ်လွှာ ပေးပို့မြဲဖြစ်သည်။

ညအခါတွင် လမင်းကြီးသာမှ လှပနိုင်သကဲ့သို့ လူသားတိုင်း၏ ဘဝသည်လည်း ဆရာရှိမှ တင့်တယ်နိုင်မည်ဖြစ်သည်။ လှိုင်းနှင့်ကင်းသော သမုဒ္ဒရာသည် မရှိနိုင်သကဲ့သို့ ဆရာနှင့်ကင်းသော လူသားဟူ၍လည်း မရှိနိုင်ပါ။ လူသားတို့တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာတစ်မျိုးမျိုး ရှိရမည်လည်းဖြစ်သည်။ ဆရာများ၏ သင်ကြားဆုံးမမှုကြောင့် လူသားများ တတ်သိလိမ္မာခဲ့ရခြင်းဖြစ်သည်။ ဆရာဟူသည် လူ့လောက၏ လမ်းညွှန်မှုပေးသော မီးပြတိုက်ကြီးပမာဖြစ်သည်။ လောကလူသားများ ဆရာဟု နှုတ်ဖျားကမချ ရှိသေနေကြသည်မှာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများကြောင့်ဖြစ်သည်။ တုနှိုင်းမရသော ဂုဏ်ဟုဆိုလိုခြင်းမှာလည်း သာမန်လူသားများ မထမ်းဆောင်နိုင်သော တာဝန်များကို ဝါသနာ၊ စေတနာ၊ အနစ်နာ၊ နည်းနာဟူသော နာလေးနာဖြင့် ထမ်းဆောင်နိုင်ခြင်းကြောင့် စံပြုဖွင့်ဆိုရခြင်းဖြစ်သည်။

မြန်မာလူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာ့ကျင့်ဝတ်ငါးပါးတွင်လည်း အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးတား၊ သင့်ရာအပ်ပို့ ဆရာတို့(သိင်္ဂါလသုတ်၊ သင်္ဂဇာဆရာတော်)ဟု ပါရှိပါသည်။

လူသားတစ်ယောက် လူလားမြောက်ရန်အတွက် အတတ်ပညာလည်း သင်ရသည်။ လိမ္မာရေးခြားရှိအောင်လည်း ဆုံးမရသည်။ ဘေးရန်ကြုံတွေ့နိုင်သည့် လမ်းမှားသို့ မရောက်အောင်လည်း တားဆီးကာကွယ်ပေးရသည်။ အနာဂတ်ခရီးအတွက် သင့်တော်ရာလမ်းကိုလည်း ရွေးချယ်ပေးရသည်။ ဤမျှ ကြီးမားလှသောတာဝန်များပင်ဖြစ်သည် ဆရာကောင်း၊ ဆရာမြတ်တို့၏ အရိပ်အာဝါသတွင် ခိုလှုံရသူများမှာ အောင်မြင်ထွန်းပေါက်ခဲ့ကြသည်။

မြန်မာလူမျိုးတို့သည် ဆရာများကို အနန္တော၊ အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်ကာ ရှိသေလေးစားခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ဆရာများ၏ ဂုဏ်ရည်ကို ဖော်ဆောင်သည့်အနေဖြင့် "ဆရာ့အသံများကို အလေးထားခြင်း"ဟူ၍ ညွှန်းဆိုထားသည်။ ထို့ပြင်တပည့်တစ်ဦးချင်း၊ တစ်ယောက်ချင်းတို့အပေါ်တွင်လည်း ဆရာ၊ ဆရာမတို့၏ သွန်သင်ဆုံးမမှုနှင့် သင်ကြားပေးမှုတို့က ဩဇာလွှမ်းမိုး အရိပ်ထိုးနေသည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဟူသော စကားပုံကဲ့သို့ပင် ဆရာတို့သင်ကြားပို့ချမှု ကောင်းလျှင်ကောင်းသလို၊ ဆုံးမပဲ့ပြင်မှု ကောင်းလျှင်ကောင်းသလို တပည့်များ ထူးချွန်ကြ၊ လိမ္မာရေးခြားရှိကြသည်။ ပညာရဲရင့်ပြီး ပွဲလယ်တင့်နိုင်ကြသည်။ လူရည်ချွန်၊ လူရည်မွန်များအဖြစ်ဖြင့် ဘဝကို ကောင်းစွာတည်ဆောက်လာနိုင်ကြပြီး ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းကိုလည်းကောင်း၊ နိုင်ငံကိုလည်းကောင်း ကောင်းစွာအကျိုးပြုသူများ ဖြစ်လာကြသည်မှာ ဆရာကောင်း၊ ဆရာမကောင်းတို့၏ စွမ်းရည်ကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများ၊ နက်ရှိုင်းသောမေတ္တာကို တစိမ့်စိမ့်တွေးကာ ကြည်နူးမှုများနှင့်အတူ အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့ကို ရည်မှန်း၍ ဆရာများကို ရှိခိုးဦးခိုက် ပူဇော်လိုက်ရပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စာကြည့်တိုက်တွင် ခြင်းထိုးနည်း(အခမဲ့) သင်တန်းဖွင့်လှစ်သင်ကြား

**မြစ်သား အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အမျိုးသမီးများ မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိအောင်နှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခြင်းထိုးနည်း(အခမဲ့)သင်တန်းကို ယနေ့ နံနက်ပိုင်းက အဆိုပါပြည်သူ့စာကြည့်တိုက်၌ သင်ကြားခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စိတ်ပါဝင်စားသည့် မြို့ပေါ်ရပ်ကွက်များမှသင်တန်းသားများ တက်ရောက် သင်ကြားလျက်ရှိသည်။

ရှေးဦးစွာ သင်တန်းနည်းပြဆရာမ ဒေါ်နန်းရွှေကြည်က အဖွင့် အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် အပိုဝင်ငွေရရှိမည်ဖြစ်ပြီး အမျိုးသမီးများတတ်ထားသင့်သည့် အတတ်ပညာတစ်ခုဖြစ်ကြောင်း၊ အမျိုးသမီးများရုံးသွား၊ ကျောင်းသွားများနှင့် အလှလက်ကိုင်ခြင်း အသုံးပြုရာတွင် အဆင်ပြေစွာဖြင့် အသုံးပြုနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်နန်းရွှေကြည်က ပန်းပွင့်ပုံခြင်းထိုးနည်း၊ အကွက်ဖော်ပုံခြင်းထိုးနည်းစသည်ဖြင့် အလှခြင်းအမျိုးမျိုးထိုးနည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ ခြင်းထိုးနည်း(အခမဲ့) သင်တန်းကို နံနက်(၁၀)နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ နေ့လယ် ၂ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း အောက်တိုဘာလ ၃ ရက်မှ ၄ ရက်အထိ သင်တန်းကာလ ၂ ရက်ကြာ သင်တန်းသား (၁၀)ဦးတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ဝါဝါမြင့်-မြစ်သား)**

၀-၀-၀-၀-၀

## ကျောက်ဆည်အသင်း(ရန်ကုန်)မှ ကျောက်ဆည်ခရိုင်အတွင်းရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မြို့တော်ခန်းမတွင် ယနေ့ နံနက် ၁၀ နာရီက ကျောက်ဆည်အသင်း(ရန်ကုန်)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောက်ဆည်ခရိုင် အတွင်းရှိ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ကျောင်းသား၊ ကျောင်းသူများ အနာဂတ်တိုးတက်ဖို့ ကြိုးစားသွားကြရန်နှင့် ကျောက်ဆည်အသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ကျောက်ဆည်ခရိုင်တွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၇၂ ဦး ပေါ်ထွက်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိဒေသ ဂုဏ်ဆောင်သူများဖြစ်စေရေး ကြိုးစားသွားကြရန် အမှာစကားပြောကြားခဲ့ပြီး ဆင်ပွဲတော်နှင့် ရွှေသာလျောင်းဘုရား၊ ရွှေစေတီဘိုးဘွားရိပ်သာများသို့ အလှူငွေ ၁၅၀ သိန်းကျပ် လှူဒါန်းသည်။

ကျောက်ဆည်အသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ ၅ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၅ ဦး၊ ၄ ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး၊ ၃ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးနှင့် ၂ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦး၊ ၁ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ၂၇၀ ဦးတို့အား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုကတ်ချီးမြှင့်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခရိုင်ပညာရေးမှူး ဒေါက်တာ ဥမ္မာကြည်နှင့် ၅ ဘာသာဂုဏ်ထူးရှင် မောင်နိုင်မင်းဦး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**(၄၈၅)**

**(အောက်ပုံ)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ ရှေ့ဖုံးမှ

> ❑ ဆရာတို့သည် လူ့ဘောင်လောကအဖွဲ့အစည်းကို ပညာဖြင့် အလှဆင်ပေးနေကြသော ပညာရှင်များ၊ တပည့်များအပေါ် ရှေ့ဆောင်လမ်းပြပေးနေသော စေတနာရှင်၊ ဝါသနာရှင်များ၊ တပည့်သားမြေးတို့ကို ရင်ဝယ်သားပမာ အကြင်နာတရားအပြည့်နှင့် သင်ကြားပြသ ဆိုဆုံးမပေးနေသော ကရုဏာရှင်များ၊ တပည့်တို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖြေဖျောက်ပေးစွမ်းနိုင်သော မေတ္တာရှင်များ၊ လှပကျော့ရှင်း ရန့်သင်းသည့် ပန်းကောင်းပန်းပွင့်များ ပွင့်လန်းစေသည့် ဥယျာဉ်မှူးများဖြစ်

မိမိတို့မြန်မာနိုင်ငံတွင်လည်း ပညာရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်စေရေး၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နောက်ကျမကျန်ခဲ့စေရန် ဝါသနာ၊ စေတနာ၊ အနစ်နာ စသည့်ကောင်းမွန်မြင့်မြတ်မှုတို့ဖြင့် အစဉ်အမြဲကြိုးစားနေသည့် ဆရာများကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၂၃) နှစ်ရှိပြီဖြစ်ပါသည်။

ဆရာဟူသည် မိမိတို့၏ တပည့်များကို အသိပညာမြင့်တင်ပေးသူ၊ ကျွမ်းကျင်မှုတစ်ခုခုရစေရန် စွမ်းဆောင်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာ မြင့်တင်ပေးသူ၊ ဘဝခရီးလမ်း ဖြောင့်မတ်စွာ လျှောက်လှမ်းနိုင်စေရန် ပညာရပ်များကို သင်ကြားပို့ချပေးသူ၊ အကောင်းအဆိုး၊ အကြောင်းအကျိုးခွဲခြားနိုင်မှုကို သိမြင်စေသူ၊ တပည့်များ၏ ဘဝနှင့်လောကကို အလှဆင်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဆရာ့ကျေးဇူးကို အထူးသိမြင်ပြီး မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ဦးခိုက်ကန်တော့ကြသည့် ထုံးတမ်းစဉ်လာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တည်ရှိခဲ့ပြီး ယနေ့ထက်တိုင်လည်း တည်တံ့ခိုင်မြဲလျက်ရှိပါသည်။

အင်းဝခေတ်၌ ဆရာတော်ရှင်မဟာသီလဝံသက **"တိလောကဟု"** အစချီသော ဆုံးမစာတွင် **"တိလောကဟု၊ မရှုနိုင်းတူ ဘက်မပြုသည်၊ သုံးဆူရတနာ မာတာပီတ၊ ဆရာစသားအရှင်များ"** ဟူ၍လည်းကောင်း၊ ဆရာတော်ရှင်မဟာရဋ္ဌသာရက **"ဂမ္ဘီသာရ"** ဆုံးမစာတွင် **"ပညာရှင့်ညောင်း၊ သူတော်ကောင်းတို့၊ ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား၊ ဆုံးမစကား၊ ကျေးဇူးများကို၊ ကြားကြားသရွေ့၊ ရှင်ပျော်မွေ့လျက်"** ဟူ၍လည်းကောင်း ဆရာတို့၏ ရှိသေလေးစားထိုက်သည့် ဂုဏ်ကျေးဇူးများကို ဖွဲ့ဆိုခဲ့ပါသည်။

ဆရာတို့သည် လူ့ဘောင်လောက အဖွဲ့အစည်းကို ပညာဖြင့် အလှဆင်ပေးနေကြသော ပညာရှင်များ၊ တပည့်များအပေါ် ရှေ့ဆောင်လမ်းပြပေးနေသော စေတနာရှင်၊ ဝါသနာရှင်များ၊ တပည့်သားမြေးတို့ကို ရင်ဝယ်သားပမာ အကြင်နာတရားအပြည့်နှင့် သင်ကြားပြသ ဆိုဆုံးမပေးနေသော ကရုဏာရှင်များ၊ တပည့်တို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖြေဖျောက်ပေးစွမ်းနိုင်သော မေတ္တာရှင်များ၊ လှပကျော့ရှင်း ရန့်သင်းသည့် ပန်းကောင်းပန်းပွင့်များ ပွင့်လန်းစေသည့် ဥယျာဉ်မှူးများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဘုရားနှင့် တစ်ဂိုဏ်းတည်း အနန္တော၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ရိုသေလေးစား ဦးခိုက်ပူဇော်ခြင်းကို ခံယူထိုက်ကြပါသည်။

ဆရာဆိုသည်မှာ **"စာကိုလည်းသင်၊ လူကိုလည်းပြင်"** ဟူသော အဆိုအမိန့်အရ ဆရာ ဆရာမများသည် ဘာသာရပ်သင်ကြားသူ သက်သက်သာမက၊ ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံချစ်စိတ်ရှိသူ၊ စည်းကမ်းကို တန်ဖိုးထား လေးစားလိုက်နာသူ၊ ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်တတ်သူ၊ ကိုယ်ချင်းစာစိတ်ထားတတ်ကြစေရန် လမ်းပြပေးပြီး အများအကျိုး ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရပါမည်။ နိုင်ငံ့သားကောင်း၊ ကမ္ဘာ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာစသည်တို့ကို လောကဓာတ်ခံ အတွေ့အကြုံများကို ပေါင်းစပ်၍ လေ့လာမှတ်သားဖွယ်ရာများကို စိတ်ဝင်စားဖွယ် သင်ကြားပျိုးထောင်ပေးကြရပါမည်။

ခေတ်မီတိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဆရာများသည် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာ သင်ယူနေကြရန်လည်း လိုအပ်ပါသည်။ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များကို အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်နေရသူများဖြစ်ရာ မိမိတို့၏အရည်အသွေး တိုးတက်မှုအတွက်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရပါမည်။

နိုင်ငံတော်အနေဖြင့်လည်း ဆရာ ဆရာမများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေး တိုးတက်စေရန်နှင့် သင်ကြားရေးအဆင့်အတန်း မြင့်မားစေရန် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများ၏ သင်ကြားရေး စွမ်းဆောင်ရည်တိုးတက်စေရန် အထူးသဖြင့် (၂၁)ရာစု စွမ်းရည်များနှင့် ကိုက်ညီအောင် သင်ကြားရေးနည်းလမ်းများ တီထွင်အသုံးချခြင်း၊ ဒစ်ဂျစ်တယ်စွမ်းရည်များ ထည့်သွင်းအသုံးချခြင်း၊ စာကြည့်တိုက်အခြေပြု လေ့လာသင်ကြားစေခြင်းတို့ကို ဆောင်ရွက်နိုင်ရန်တို့အတွက် စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ပေးလျက်ရှိပါသည်။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးမြင့်မားမှုအပေါ်တွင် မူတည်လျက်ရှိနေပါသည်။ ဆရာတို့၏ အဓိကတာဝန်သည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော၊ အရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် ကျောင်းသားလူငယ်လူရွယ်များကို မွေးထုတ်ပေးကြရမည်ဖြစ်ပါသည်။ တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်မှသာ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အလေးထား အားပေးဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိပညာသင်ကြားနိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍာတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် အမြဲမပြတ် ဆက်လက်အားပေးဖြည့်ဆည်းသွားမည်ဖြစ်ပါသည်။ မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများကလည်း လက်တွဲညီ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယနေ့ခေတ်ကမ္ဘာတွင် နိုင်ငံအသီးသီး၌ အရည်အသွေး ကောင်းမွန်သည့် ပညာရေးကို ဆောင်ကြဉ်းပေးနိုင်သော ဆရာကောင်းများ အမှန်ပင်လိုအပ်လျက်ရှိသည့်အတွက် မျိုးဆက်သစ် ဆရာကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ အရည်အသွေးကောင်းမွန်သော ဆရာများရရှိစေရန် လုပ်ငန်းခွင်အတွင်းမှ ဆရာများ၊ လုပ်ငန်းခွင်အတွင်းသို့ ထပ်မံဝင်ရောက်လာမည့် ဆရာများအတွက်ပါ စနစ်တကျ ကောင်းမွန်စွာ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင် အခြေအနေများကို သာလွန်ကောင်းမွန်လာစေရန် ကြိုးပမ်းအားထုတ်ဖော်ဆောင်ပေးကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်လူ့ဘောင်ကို တည်ထောင်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာရှိမှု၊ ကျွမ်းကျင်မှုနှင့် ပင်ကိုယ်အရည်အချင်းပြည့်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ် လူငယ်လူရွယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ မတူကွဲပြားမှုကို နားလည်လက်ခံပြီး တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားကာ ငြိမ်းချမ်းရေးအခြေခံအသိများဖြင့် လက်တွေ့ကျင့်သုံးနေထိုင်တတ်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် မိမိတို့၏ တပည့်သားသမီးများကို ဆရာ့ဝတ်၊ မိဘဝတ်များနှင့်အညီ သင်ကြားလေ့ကျင့်ပျိုးထောင်ပေးကြပါရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ပညာရေးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေ၊ စိတ်ကောင်း စေတနာဖြင့် ပညာပါရမီဖြည့်ဆည်းပေးနေကြသူများ ဖြစ်သည့်အတွက် ကောင်းကျိုး အရာရာ ပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

သတင်းစဉ်

> ❝ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အလေးထား အားပေးဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိပညာသင်ကြားနိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အလေးထားဆောင်ရွက်သွားကြရမည် ❞

❑ ရှေ့ဖုံးမှ

ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အခမ်းအနား အစီအစဉ်ပထမပိုင်းကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် တက်ရောက်လာကြသူများက မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ရာပြည့်သဘင်အထိမ်းအမှတ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ "မန္တလေးတက္ကသိုလ်" သည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ တင့်တယ်ခမ်းနားခြင်း၊ သမိုင်းအစဉ်အလာကောင်းမွန်ခြင်း၊ ပညာဂုဏ်သတင်းကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်သည့် ထူးချွန်ပညာတတ်မောင်မယ်များ မွေးထုတ်နိုင်ခြင်း စသည့် ဂုဏ်ဒြပ်များနှင့်ပြည့်စုံပြီး "ပညာဖြန့်ဝေရာ တက္ကသိုလ်" အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည်မှာ ယခုဆိုပါက နှစ်ပေါင်း(၁၀၀)တိုင်ခဲ့ပြီဖြစ်၊

❖ ထိုကဲ့သို့ ရွှေရတုနှစ်ဆက်တိုင်တိုင် အဓွန့်ရှည်ကြာ တည်တံ့လာခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးအတွက် ဂုဏ်ပြုဂုဏ်ယူ

မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ဆက်လက်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ပါမောက္ခချုပ်များသည် မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် မန္တလေးလျှောင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် တက္ကသိုလ်ပင်မဆောင်ကြီးအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ခင်းကျင်းပြသထားသည့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်အဓိပတိများနှင့် ပါမောက္ခချုပ်များ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် အထင်ကရပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက "မန္တလေးတက္ကသိုလ် ရာပြည့်သဘင်" Theme Song ဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် **"မန္တလေးတက္ကသိုလ်"** သည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ တင့်တယ်ခမ်းနားခြင်း၊ သမိုင်းအစဉ်အလာကောင်းမွန်ခြင်း၊ ပညာဂုဏ်သတင်းကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်သည့် ထူးချွန်ပညာတတ်မောင်မယ်များ မွေးထုတ်နိုင်ခြင်း စသည့် ဂုဏ်ဒြပ်များနှင့်ပြည့်စုံပြီး **"ပညာဖြန့်ဝေရာ တက္ကသိုလ်"** အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည်မှာ ယခုဆိုပါက နှစ်ပေါင်း(၁၀၀)တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွှေရတုနှစ်ဆက်တိုင်တိုင် အဓွန့်ရှည်ကြာ တည်တံ့လာခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးအတွက် ဂုဏ်ပြုဂုဏ်ယူပါကြောင်း၊ ထို့ကြောင့်လည်း **"ရာပြည့်သဘင်"** အခမ်းအနားကြီးကို ယခုကဲ့သို့ တခမ်းတနားကျင်းပခြင်းပင် ဖြစ်ကြောင်း။

မန္တလေးမြို့သည် ရှေးမြန်မာမင်းများ ထီးနန်းစိုက်ရာ မင်းနေပြည်တော် ဖြစ်ခဲ့သည့်အတွက် နန်းတွင်းဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းဝင် အနုပညာလက်ရာများနှင့် ထုံမွှမ်းနေသကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့သည့် သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ဒေသလည်းဖြစ်ကြောင်း၊ မန္တလေးမြို့၏ဂုဏ်ကျက်သရေကို ခံ့ညားထည်ဝါအောင် ဂုဏ်ဆောင်ပေးနေသည့် အထင်ကရ အမှတ်သင်္ကေတများတွင် **"မန္တလေးတက္ကသိုလ်"** သည်လည်း တစ်ခု အပါအဝင်ဖြစ်ကြောင်း။

ဂုဏ်ထူးတန်းနှင့်
မဟာတန်းများအထိ ပို့ချပေး

မန္တလေးတက္ကသိုလ်၏ ကနဦးအစဖြစ်သည့် မန္တလေးဥပစာကောလိပ်ကို ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လက်အောက်ခံအဖြစ် သန္ဓေတည်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်မှာ မန္တလေး ယူနီဗာစီတီ ကောလိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်တွင် မန္တလေးတက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ မန္တလေးတက္ကသိုလ်ကို စိုက်ပျိုးရေးမဟာဌာန၊ ဆေးပညာမဟာဌာန၊ သိပ္ပံမဟာဌာန၊ ဝိဇ္ဇာမဟာဌာန စသည့် မဟာဌာနကြီး (၄) ခုဖြင့် ဖွဲ့စည်းခဲ့ပြီး လက်အောက်ခံကောလိပ်များ ဖွင့်လှစ်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းနှင့် မဟာတန်းများအထိ ပို့ချပေးခဲ့ကြောင်း။

၁၉၆၄ ခုနှစ် တက္ကသိုလ်ပညာရေးအက်ဥပဒေအရ တက္ကသိုလ်နှင့် ကောလိပ်များကို **"ဝိဇ္ဇာနှင့်သိပ္ပံပညာရေးဆိုင်ရာ တက္ကသိုလ်"** နှင့် **"အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်"** ဟူ၍ နှစ်မျိုးခွဲပြီး ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ မန္တလေးတက္ကသိုလ်၏ ဌာနကြီးလေးခုအနက် ဆေးသိပ္ပံမဟာဌာနသည် **"မန္တလေးဆေးတက္ကသိုလ်"** ဖြစ်လာပြီး စိုက်ပျိုးရေး မဟာဌာနသည် **"မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်"** ဖြစ်လာခဲ့ကြောင်း၊ ကျန်သည့် သိပ္ပံမဟာဌာနနှင့်

စာမျက်နှာ ၅ သို့




ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ဂုဏ်ပြည့်သဘင် ၁၉၂၅-၂၀၂၅



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ပါမောက္ခချုပ်များ မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၄ မှ

ဝိဇ္ဇာမဟာဌာနတို့ကို ပေါင်း၍ **"မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်"** အဖြစ် ဖွင့်လှစ်ခဲ့ပြီး MASU (မာစု) ဟုလည်း အမည်တွင်ကျယ်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်၌မူ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကို မူလအမည်ဖြစ်သည့် **"မန္တလေးတက္ကသိုလ်"** ဟု ပြန်လည်ပြောင်းလဲခဲ့ပြီး ယနေ့ထိတိုင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်လာခဲ့ခြင်းဖြစ်ကြောင်း။

**လွန်စွာဂုဏ်ယူစရာဖြစ်**

မန္တလေး တက္ကသိုလ်ကြီး၏ သမိုင်းကြောင်း အစဉ်အလာကောင်းမွန်မှု၊ ပညာရေးအုတ်မြစ်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝမှု၊ အရင်းအမြစ်ကောင်းများနှင့် ဖွဲ့စည်းထားမှုများကြောင့် ရာစုနှစ်တစ်ခုအတွင်းတွင် ပါရဂူဘွဲ့ရရှိသူ ၂,၉၆၀၊ မဟာဘွဲ့ရရှိသူ ၁၁,၁၃၉ ဦး၊ မဟာသုတေသနဘွဲ့ရရှိသူ ၁,၆၀၇ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၉,၁၇၂ ဦး၊ မဟာဒသနဘွဲ့ရရှိသူ ၂၃၉ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၉၆,၀၁၂ ဦးနှင့် ဒီပလိုမာရရှိသူ ၇,၀၆၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရကြောင်း၊ မန္တလေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာသိပ္ပံဘွဲ့ရများအနေဖြင့် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ထင်ရှားကျော်ကြားသည့် လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များအဖြစ် နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်လုပ်ကျွေးပြုစု နေကြသည်မှာလည်း လွန်စွာဂုဏ်ယူစရာဖြစ်ကြောင်း။

တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများအစပြုဖော်ဆောင်ရာနေရာလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များ မွေးထုတ်ရာတက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

**ခေတ်မီဘာသာရပ်များသင်ကြား**

ထို့ကြောင့် တက္ကသိုလ်များတွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ၊ ခေတ်မီဘာသာရပ်များကို ထည့်သွင်းသင်ကြားရုံဖြင့် မလုံလောက်ဘဲ တက္ကသိုလ်၏အသက်သွေးကြောဖြစ်သည့် **"သုတေသန"**များကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနကျမ်းများ ပြုစုရာတွင်ဖြစ်စေ၊ သင်ကြားသင်ယူရာတွင်ဖြစ်စေ စာကြည့်တိုက်အခြေပြု လေ့လာမှုအားကောင်းစေရေး ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရန်ဆိုသည်မှာ ပါမောက္ခချုပ်များ၏ ကောင်းမွန်သည့် စီမံခန့်ခွဲမှု၊ ဆရာ ဆရာမများ၏ ကိုယ်တိုင်ကျွမ်းကျင် တတ်မြောက်မှု၊ သင်ကြားမှုဆိုင်ရာ အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားတတ်မှုနှင့် စိတ်ဓာတ်ကောင်းမွန်ရင့်ကျက်စေမှု၊ ဝန်ထမ်းများ၏ စိတ်စေတနာကောင်းများနှင့် စွမ်းဆောင်ရည်မြင့်မားမှုများအပေါ် မူတည်ကြောင်း၊ ထိုကဲ့သို့ ကဏ္ဍအသီးသီးမှ အစဉ်တစိုက် ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသည့်အတွက် မန္တလေးတက္ကသိုလ်ကြီးသည် ကြီးမြတ်သည့်ဂုဏ်ပုဒ်ဖြင့် နှစ်(၁၀၀)တိုင် ရပ်တည်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်ရာ မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကြီးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူစဉ်။

ယင်းကို ဂုဏ်ပြုသည့်အနေဖြင့် မန္တလေးတက္ကသိုလ်တွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ခမ်းခမ်းနားနား ကျင်းပမည်ဖြစ်ပြီး ရာပြည့်သဘင် အထိမ်းအမှတ်အနေဖြင့် မန္တလေးတက္ကသိုလ်ဖြစ်ပေါ်တိုးတက်မှုသမိုင်း မှတ်တမ်းဓာတ်ပုံပြပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာပြပွဲများကို ခင်းကျင်းပြသသွားမည်ဟု သိရှိရကြောင်း။

ယခုကဲ့သို့ တက္ကသိုလ်များတွင် ရတုအဆက်ဆက် ပညာအမွေပေးနိုင်ရန် အစိုးရမှာ သာမက သက်ဆိုင်သူအားလုံးနှင့် ပြည်သူတစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း၊ အဓိကမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းပြီး အဖျက်အမှောင့်များ ကင်းဝေးမှသာ ပညာကို အေးချမ်းစွာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာရှိမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ပညာတတ်ရန်၊ နိုင်ငံရေးအသိရှိရန် လိုကြောင်း။

> **"ကဏ္ဍအသီးသီးမှ အစဉ်တစိုက် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့်အတွက် မန္တလေးတက္ကသိုလ်ကြီးသည် ကြီးမြတ်သည့် ဂုဏ်ပုဒ်ဖြင့် နှစ်(၁၀၀)တိုင် ရပ်တည်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်ရာ မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်"**

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"**

နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေး၏ အရေးပါမှုကို အလေးထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းထားသကဲ့သို့ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံအားပေး ပံ့ပိုးပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးပညာရည်မြင့်မားလာစေရန် နိုင်ငံသားတိုင်း အခြေခံပညာအလယ်တန်း KG+9 အထိ ပြီးမြောက်စေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒချမှတ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတကာတွင် ဉာဏ်ရည်တု AI နည်းပညာကို နယ်ပယ်စုံတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တက္ကသိုလ်များကလည်း သင်ကြားသင်ယူမှုတွင် နည်းပညာ (Technology) နှင့်အတူ AI ပညာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ပညာရှင်များက ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် လူသားအရင်းအမြစ်များ၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများ၊ ပါရဂူများကို မွေးထုတ်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်ကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို နှစ်(၁၀၀)တိုင် စဉ်ဆက်မပြတ် မွေးထုတ်ပေးခဲ့သည့် မန္တလေးတက္ကသိုလ်၏ တာဝန်ကျေပွန်မှုနှင့် အစဉ်အလာကောင်းများကို လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ နောင်ရာစုနှစ်များစွာတွင်လည်း နိုင်ငံတွင်းငြိမ်းချမ်းရေး၊

စာမျက်နှာ ၆ သို့





မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး မြို့မတေးဂီတအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

**မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့်ဇနီးများ၊ ပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမ များ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ နှင့် ကျောင်းသား ကျောင်းသူ ဟောင်းများက ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်း အမှတ် ဂုဏ်ပြုညစာကို အတူ တကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နှင့် သုံးဆောင်နေစဉ်အတွင်း မန္တလေးတက္ကသိုလ်၊ မန္တလေး အဝေးသင်တက္ကသိုလ်၊ မန္တလေး ပညာရေးဒီဂရီကောလိပ်၊ မိတ္ထီလာ ပညာရေး ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူဟောင်း များ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား ကျောင်းသူများက တေးသံသာ များ၊ အကအလှများဖြင့် သီဆို ကပြ ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီး တွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြ သူများအား နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ဂုဏ်ပြုပန်း ခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးနှင့်အဖွဲ့ဝင်များ သည် မြို့မတေးဂီတအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှု အားပေးကြပြီး သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသူများအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၅ မှ*

နိုင်ငံ့ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့အဖွဲ့ အစည်းအသီးသီးနှင့် လက်တွဲ ဆောင်ရွက်နိုင်သည့် ပညာတတ် လူကောင်းလူတော်၊ ဗလငါးတန် ပြည့်ဝသည့် လူငယ်များကို ဆက်လက်မွေးထုတ်ပေးကြပါဟု တိုက်တွန်းလိုကြောင်း၊ မကြာမီ ကျင်းပမည့် လွတ်လပ်ပြီး တရား မျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကြီး အောင်မြင်စွာကျင်းပပြီး ပိုမိုပညာရည်ပြည့်ဝသော၊ ပိုမို ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံ တည်ဆောက်နိုင်ရေး ကျရာကဏ္ဍ အသီးသီးမှ ပူးပေါင်းပါဝင်ဆောင် ရွက်သွားကြရန် ပြောကြား လိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေး တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ် ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေး တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် မန္တလေးပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ဥဒါန်းတွင်ဆို မန်းတက္ကသိုလ်" သီချင်းဖြင့် လည်းကောင်း၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်မှ "ရာပြည့်မှသည် ကမ္ဘာတည်သရွေ့" သီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေ ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မန္တလေး တက္ကသိုလ် ရာပြည့်သဘင်အခမ်း အနားကြီးအတွက် ဂုဏ်ပြုချီးမြှင့် ငွေများကိုပေးအပ်ရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေ တင်ဆက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုပန်းခြင်း ပေးအပ် ပြီး အခမ်းအနားတက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘွဲ့နှင်း သဘင်ခန်းမအတွင်း ခင်းကျင်း ပြသထားသည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အခမ်းအနား အထိမ်းအမှတ် ပြခန်းများအား ပြခန်းတစ်ခုချင်းစီ အလိုက်နှင့် ပညာရပ်ဆိုင်ရာ သုတေသန စာတမ်း ပိုစတာများအား စိတ်ပါ ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှု ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များသည် မန္တလေးမြို့ မြို့မ တေးဂီတအဖွဲ့၏ ဖျော်ဖြေ တင်ဆက်မှုအား ကြည့်ရှုအားပေး ကြသည်။ မန္တလေးတက္ကသိုလ် ကြီး၏ နှစ် (၁၀၀)ပြည့် ရာပြည့် သဘင်အား **"ရွှေနှစ် ၁၀၀ ထူးချွန်မှု၊ ဆန်းသစ်တီထွင်ဦးဆောင်ပြု၊ စိတ်ဉာဏ်စွမ်းအားတိုးမြှင့်ထား၊ အနာဂတ်ကိုပုံဖော်ထား"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခမ်းနား ထည်ဝါစွာဖြင့် ကျင်းပပြုလုပ်ခဲ့ ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## ညောင်တုန်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ညောင်တုန်း အောက်တိုဘာ ၄

ညောင်တုန်းမြို့နယ် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင် ခဲ့ကြသော အသက် ၇၀ နှစ်နှင့် အထက် သက်ကြီး(အငြိမ်းစား) ဆရာ ကြီး ဆရာမကြီးများအား ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပူဇော် ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံနှင့် ဆရာများ အား ဂုဏ်ပြု၍ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဝတ္ထုငွေများဖြင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများက ဂါရဝပြုပူဇော်ကန်တော့ကြသည်။ ထို့နောက် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစားဆရာကြီး ဆရာမကြီး များကိုယ်စား အငြိမ်းစားဆရာကြီး ဦးငွေအေးက ဆုံးမဩဝါဒစကား ပြောကြားခဲ့သည်။

ထွန်းကျော်(ညောင်တုန်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။

# ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော်  အောက်တိုဘာ ၄

ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာ ပါစေးမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တီမောလက်စတေနိုင်ငံ၊ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် ကျင်းပသည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပြီးစီးမည့် ဥက္ကဋ္ဌအနေဖြင့် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် မြန်မာနိုင်ငံမှ ဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ စသည့်လုပ်ငန်းစဉ် ၁၆ ခုကို လက်ခံအတည်ပြုနိုင်ခဲ့ပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကိုလည်း အပြီးသတ်ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတွက် ဤအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်းနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အရေးပေါ်အခြေအနေများအား ကူညီဖြေရှင်းပေးခြင်းနှင့် စားရေရိက္ခာဖူလုံမှုကဏ္ဍတွင် ပံ့ပိုးကူညီမှုများအတွက် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ဥက္ကဋ္ဌတာဝန်ဆက်လက်ထမ်းဆောင်မည့် ဖိလစ်ပိုင်နိုင်ငံ၏ ဦးဆောင်မှုအပေါ် ယုံကြည်မှုအပြည့်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံမှ ကိုယ်စားလှယ်များအားလုံး ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းလုံးညီညွတ်မှု စိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပြီး သဘာပတိတာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။




ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၄၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၅၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့မှ ထွက်ပေါ်လာသည့် အရေးကြီးသည့် ရလဒ်များ၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဝါဒမူဘောင်အရ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၄၅ ခုနှစ်ဆီသို့ မျှော်မှန်းသည့် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်နှင့် အာဆီယံမူဘောင်၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် အတူတကွ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးခဲ့ကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကတိကဝတ်ပြုခဲ့ကြသည်။

အစည်းအဝေးမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းရပ် ၂၃ ခုအား အတည်ပြု၍ ရှစ်ခုအား မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ (၂၅)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအား အောက်တိုဘာ ၂ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (၂၀၁၆-၂၀၂၅)၊ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းအချက်အလက်အစီအစဉ် စသည်တို့နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ရေရှည်တည်တံ့သော သစ်တောကဏ္ဍစီမံခန့်ခွဲရေး၊ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံအာမခံ၊ စားသောက်ကုန်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေးနှင့် တိရစ္ဆာန်နှင့် အပင်ရောဂါပိုးမွှားများ နယ်စပ်ဖြတ်ကျော်ရာတွင် ထိန်းချုပ်နိုင်ရေးစသည့် နယ်ပယ်များရှိ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဆွေးနွေးခဲ့ကြပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော အာဆီယံအပေါင်းသုံး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (၂၀၂၆-၂၀၃၅) အား အတည်ပြုခဲ့ကြသည်။ ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ အာဆီယံ-ဂျပန်မီဒိုရီပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများအား ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာစနစ်များကို ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့သည်။ ထို့နောက် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

သတင်းစဉ်

## မန်းတက္ကသိုလ် ရာပြည့်ပွဲဆင်နွှဲစို့ တို့တစ်တွေ

* အညာတမာ ဝေလန်းမွှေးတဲ့
ရွှေမန္တလေး တက္ကသိုလ်။
နှစ်တစ်ရာ သဘင်ပွဲမှာ
ဆင်နွှဲနေပျို။
သစ်လွင်လို့ ရွှန်းစို
ကွန်းခိုရ ပညာနန်း။
နေခြည်အစောင်းမှာလ
ရေနီမြောင်း လေပြည်သာရဲ့
ဝေစည်ကာ ဖော်တစ်သင်းတို့
ပျော်ခင်းဖွဲ့လန်း။
* အထက်တစ်ခွင် အညာကျေးက
စည်သာအေး ဘူမိနက်သန်။
ပေါ်လွင်ကာ အထင်ကရ
ပညာ့ဗိမာန်။
ဝိဇ္ဇာနှင့်သိပ္ပံ
သင်ယူရန် အခွင့်အရေး။
ပညာရည် ဂုဏ်ရည်မြင့်အောင်
လမ်းဖွင့်လို့ပေး။
* မန်းတက္ကသိုလ် ရင်ခွင်အောက်က
ထွန်းတောက်လို့ ပေါက်ဖွားလာ။
သားကောင်းသမီးမွန်တို့
ထူးချွန်ကာ ဉာဏ်ရည်ထက်တယ်
သွက်လက်ချက်ချာ။
ဝိဇ္ဇာပန်းတွေနဲ့
သိပ္ပံပန်း ပန်ဆင်ကာ
စံတင်စရာ မောင်မယ်အပေါင်း။
မန်းတက္ကသိုလ် ရာပြည့်သွေးတို့
မွေးပါပေ့တောင်း။
* တစ်ထောင့်ကိုးရာ နှစ်ဆယ့်ငါး
မြစ်ဖျားစ စီးဆင်းကာ။
တသွင်သွင် ရေစီးကြောင်းရဲ့
နှစ်ပေါင်းက တစ်ရာ။
ပန်းအပေါင်း ကုဋ္ဌေကဋ္ဌာ
ဝေဆာလို့ ပျံ့သင်း။
သရေဆန်းနေတဲ့
ရွှေမန်းမြေ တက္ကသိုလ်နန်းကို
ဖျန်းတဲ့လေညင်း။
* နှစ်တစ်ရာမှာ တစ်ကြိမ်နွှဲတဲ့
ပွဲတော်ကြီး ရာပြည့်သဘင်
ဆင်နွှဲပျော်ရွှင်။
ပြခန်းပြကွက် အစုံအလင်
ဂုဏ်တင်လို့ ဖော်ကျူး။
မန်းတက္ကသိုလ် အစဉ်အလာကောင်းတွေနဲ့
သမိုင်းကြောင်း ပုံရိပ်ထင်လို့
စာဆို့ရင် ပီတိလွှမ်းတယ်
ချမ်းမြေ့ကြည်နူး။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၈၄ ရက် သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် လယ်ဝေးမြို့နယ်၌ မဲစာရင်းများ ပထမအကြိမ် ကြေညာထားရှိမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၄

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာထားရှိမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် လယ်ဝေးမြို့နယ် အမှတ် (၇) ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ပြီး အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာရာတွင် ရပ်ကွက်ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်တွေ့ဆုံအားပေးကာ မြို့နယ်တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ကပ်ထားကြေညာထားသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြိတ်မြို့နယ်၌ MEVM ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

မြိတ် အောက်တိုဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု သမုတ်ကျေးရွာ အထက-သမုတ်ကျောင်း၌ ယနေ့ နံနက်ပိုင်းက မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် မဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အရာရှိနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထက (သမုတ်) ကျောင်းမှ ဆရာ ဆရာမများ၊ သမုတ်၊ သစ်ယာဝ၊ ပဆွပ် ကျေးရွာအုပ်စုတို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ MEVM မဲပေးစက်အသုံးပြုခြင်းကို နည်းပြကျောင်းဆရာ ဦးသန်းဝင်းက မဲပေးစက်အသုံးပြုနည်းများနှင့် မဲပေးသည့်ပုံစံများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။



မြင့်ဦး(မြိတ်)

## ကော့ကရိတ်မြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

ကော့ကရိတ် အောက်တိုဘာ ၄

မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကော့ကရိတ်မြို့ အမှတ် (၉၇) ခြေလျင်တပ်ရင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဖြိုးဝေကျော်က ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတွက် ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုရသည့် ရည်ရွယ်ချက်များ၊ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မှ တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ဒီတက္ကသိုလ်ကြီးက ကျွန်တော်တို့ကို လူနေမှုအဆင့်အတန်းနဲ့ လူ့ဘောင်ဘဝဝင်ဆံ့ဖို့ကို အများကြီး သင်ပေးခဲ့ပါတယ်

**ဦးသိုက်စိုး (ကျောင်းသားဟောင်း)**

မန္တလေးဥပစာကောလိပ်အဖြစ် ၁၉၂၅ ခုနှစ်၌စတင်ဖွင့်လှစ်ခဲ့သည့် မန္တလေးတက္ကသိုလ်သည် ယခု ၂၀၂၅ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် မန္တလေးတက္ကသိုလ်၏ နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့ပေါ်တွင်သာမက နယ်ဝေးမှ မန္တလေးတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာကြီး ဆရာမကြီးများ စုံစုံလင်လင်တက်ရောက်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြကာ ခေတ်အဆက်ဆက်တက္ကသိုလ်ကြီး၏ လွမ်းမောဖွယ် အချိန်ကာလတစ်ခုကို ပြန်ပြောင်းအောက်မေ့ပြောကြားမှုများ၊ တက္ကသိုလ်ကြီး၏ ရာပြည့်အခမ်းအနားကြီးကို ခမ်းနားစွာကျင်းပနိုင်ခဲ့မှုနှင့် ယခုအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့ကြသည့် ရင်တွင်းစကားသံများကို မေးမြန်းရေးသား ဝေမျှလိုက်ရပါသည်။

**ဦးသိုက်စိုး(ကျောင်းသားဟောင်း)**

ဒီရာပြည့်ပွဲကြီးကို မတ်လမတိုင်ခင်ကတည်းကစတင်ပြီး ဆရာကြီး ဆရာမကြီးတွေ၊ ကျောင်းသားဟောင်းတွေ၊ မြို့မိမြို့ဖတွေဦးဆောင်ပြီး ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အခုလိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဒီပွဲမှာလည်း မိတ်ဆွေဟောင်း၊ သူငယ်ချင်းဟောင်းတွေကို ပြန်လည်တွေ့ရတဲ့အတွက်လည်း အတိတ်ကိုပြန်လည်တမ်းတမိပါတယ်။ မေဂျာပေါင်းစုံက သူငယ်ချင်းတွေကို တွေ့ရတဲ့အတွက်လည်းဝမ်းသာမိပါတယ်။ နှစ်(၃၀)လောက်ပြန်ငယ်သွားတယ်လို့လည်း ခံစားမိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တဲ့ သူငယ်ချင်းတွေလည်းရှိပါတယ်။ ဒီတက္ကသိုလ်ကြီးက ကျွန်တော်တို့ကို လူနေမှုအဆင့်အတန်းနဲ့လူ့ဘောင်ဘဝဝင်ဆံ့ဖို့ကို အများကြီး သင်ပေးခဲ့ပါတယ်။ ဒါကြောင့် တက္ကသိုလ်ရာပြည့်ပွဲမှာ ပါဝင်ဆင်နွှဲရတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။



ဒေါက်တာ မေသွယ်အေး
(ဒုတိယပါမောက္ခချုပ်)



ဒေါက်တာသန်းသန်းစိုး
(တွဲဖက်ပါမောက္ခ)



ဒေါ်မြတ်သဇင်လှိုင်
(ကထိက)



ဦးသိုက်စိုး
(ကျောင်းသားဟောင်း)



မောင်ကျော်မိုးဦး
(တတိယနှစ်ကျောင်းသား)



မမိုးဆွေ
(ကျောင်းသူ)

**မောင်ကျော်မိုးဦး**
**(တတိယနှစ်ကျောင်းသား)**

ကျွန်တော်တို့ကျောင်းရဲ့ နှစ်(၁၀၀) ပြည့်ပွဲတော်ကြီးဖြစ်တော့ ပျော်တာပေါ့။ ကိုယ်တိုင်လည်း ပါဝင်ရတဲ့အတွက် အမှတ်တရတွေအများကြီးလည်း ဖြစ်ပါတယ်။ ကျောင်းတော်ကြီးနဲ့ပတ်သက်ပြီး ကျောင်းသားဘဝ အမှတ်တရတွေကတော့ အများကြီးရှိပါတယ်။ ပွဲတော်ကြီးဖြစ်မြောက်ဖို့အတွက် အားလုံးခက်ခက်ခဲခဲနဲ့ ကြိုးစားဆောင်ရွက်တဲ့အတွက် အခုလို အောင်မြင်စွာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ပွဲတော်ကြီးမှာဆိုရင် ဆိုင်ခန်းတွေ၊ ပြခန်းတွေအများကြီး ပါဝင်ပါတယ်။ ကျွန်တော်တို့တက္ကသိုလ်ရဲ့ ပွဲတော်ကြီးကတော့ အလွန်ကိုခမ်းနားလှပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ပါဝင်ဆင်နွှဲကြတဲ့သူတွေလည်း အများကြီးတွေ့ရပါတယ်။ ဒီလိုအောင်မြင်စွာကျင်းပနိုင်ဖို့ ကူညီပေးကြတဲ့ သူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မျိုးဆက်သစ် ကျောင်းသားတွေအနေနဲ့လည်း တက္ကသိုလ် ကျောင်းသားတစ်ယောက်ဖြစ်လာပြီဆိုရင် တက္ကသိုလ်ကျောင်းသားဘဝကို ကောင်းကောင်းမွန်မွန် ဖြတ်သန်းခံစားကြည့်ကြပါလို့ ပြောလိုပါတယ်။

**မမိုးဆွေ(ကျောင်းသူ)**

ဒီနေ့အခမ်းအနား လာရောက်တက်ခွင့်ရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ ဒီလိုပွဲကြီးကိုလည်း တစ်ခါမှလည်း မကြုံဖူးတော့ စိတ်လှုပ်ရှားမိပါတယ်။ နောက်ပြီး အစီအစဉ်တွေကလည်း အများကြီး စီစဉ်ဆောင်ရွက်ထားတာကိုလည်းတွေ့ရပါတယ်။ အခမ်းအနားမှာတော့ ကျွန်မတို့အနေနဲ့ ကြိုဆိုရေးအနေနဲ့ ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကြိုဆိုရေးအဖွဲ့မှာ ၁၆ ယောက်ပါဝင်ပါတယ်။ သူငယ်ချင်းတွေအားလုံး စည်းစည်းလုံးလုံးနဲ့ ဆင်တူဝတ်စုံတွေဝတ်ဆင်ပြီး ပါဝင်ဆင်နွှဲတာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်ပွဲကြီးဆိုတော့ ပီတိလည်းဖြစ်ပြီး ဂုဏ်ယူမိပါတယ်။ ကျောင်းမပြီးမချင်း တက္ကသိုလ်ကြီးကလုပ်တဲ့ ပွဲတိုင်းမှာ ပါဝင်သွားပါမယ်။ အနယ်နယ်အရပ်ရပ်ကသူငယ်ချင်းတွေ၊ အဝေးရောက်နေတဲ့ သူငယ်ချင်းတွေအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ဒီပွဲကြီးကို ပါဝင်ဆင်နွှဲကြစေလိုပါတယ်။

**ဒေါ်မြတ်သဇင်လှိုင်**
**(ကထိက၊ မန္တလေးတက္ကသိုလ်)**

ဒီနေ့ပွဲမှာတော့ ကျွန်မတို့ မန္တလေးတက္ကသိုလ်သင်္ချာဌာနအနေနဲ့ ဘက်ပေါင်းစုံကနေပါဝင်ဖြစ်ပါတယ်။ အခမ်းအနားကြီးမှာ စာတမ်းဖတ်ပွဲတွေ၊ ပြပွဲတွေ၊ ကျောင်းသားဟောင်းတွေရဲ့ ဆရာကန်တော့ပွဲတွေလည်းရှိပါတယ်။ နောက်ရက်ကျရင်လည်း စတုဒိသာအကျွေးအမွေးတွေလည်း ပါဝင်ပါတယ်။ ဒီလိုကြုံတောင့်ကြုံခဲ အခမ်းအနားကြီးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ ငယ်သူငယ်ချင်းတွေကိုလည်း တွေ့ခွင့်ရတယ်။ အလွန်ကိုဂုဏ်ယူမိပါတယ်။ အခုလိုအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ တက္ကသိုလ်မှာတော့ အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ပြန်တွေးရင်တော့ အောက်မေ့စရာတွေပါပဲ။ တက္ကသိုလ်ကြီးကို ပြောမပြနိုင်အောင်ချစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ကြီးနှစ်ပေါင်းများစွာ ဆက်လက်တည်တံ့ခိုင်မြဲပြီး ထူးချွန်ကျောင်းသားတွေလည်း မွေးထုတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဒေါက်တာသန်းသန်းစိုး**
**(တွဲဖက်ပါမောက္ခ၊ စီးပွားရေးပညာဌာန)**

ဒီအခမ်းအနားကြီးမှာ ကျွန်မတို့ဌာနအနေနဲ့ ပြခန်း(၅)ခန်း တာဝန်ယူပြသထားပါတယ်။ အမှတ်တရပစ္စည်းတွေလည်းပြသရောင်းချပေးပါတယ်။ ဒီပွဲတော်ကြီးဖြစ်မြောက်ဖို့ အားလုံးကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုခမ်းနားတဲ့ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပွဲတော်ကြီးကို လာရောက်ပြီး ပြခန်းတွေ၊ အမှတ်တရဓာတ်ပုံတွေနဲ့ အခြားထူးခြားတဲ့ အစီအစဉ်တွေလည်း ထည့်သွင်းထားတဲ့အတွက် လာရောက်ဆင်နွှဲကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ မေသွယ်အေး(ဒုတိယပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်)**

ဒီနေ့မှာတော့ မန္တလေးတက္ကသိုလ်ကြီးရဲ့ ရာပြည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ရာပြည့်သဘင် အခမ်းအနားပြီးတဲ့နောက် အောက်တိုဘာ ၅ ရက်နေ့ဟာလည်း ကမ္ဘာ့ဆရာများနေ့ဖြစ်တဲ့အတွက် ဘာသာရပ်ပေါင်းစုံက ဆရာကြီး ဆရာမကြီး ၆၁၆ ဦးကိုလည်း ဘွဲ့နှင်းသဘင်ခန်းမမှာ အာစရိယပူဇော်ပွဲကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုမန္တလေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ အများစုမရနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တဲ့ ရာပြည့်သဘင်ကြီး ကျင်းပဖို့အတွက်ကို တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရခဲ့ပါတယ်။ နောက်ပြီး ကျွန်မအနေနဲ့ မန္တလေးတက္ကသိုလ်ကနေ ကျောင်းပြီးခဲ့တာ ဖြစ်တဲ့အတွက် အမိတက္ကသိုလ်ကြီးရဲ့ပွဲကို ဆင်နွှဲခွင့်ရတာကိုလည်း အလွန်ကိုဂုဏ်ယူမိပါတယ်။ ဒီအခမ်းအနားကြီးကို အနယ်နယ်အရပ်ရပ်မှာရှိတဲ့ မိဘပြည်သူများအားလုံးနဲ့ ကျောင်းတော်ကြီးက မွေးထုတ်ပေးလိုက်တဲ့ကျောင်းသား ကျောင်းသူဟောင်းတွေ လက်ရှိတက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူအားလုံး အမိတက္ကသိုလ်ကြီးရဲ့ ရာပြည့်သဘင်အခမ်းအနားကို ကိုယ်တိုင်လာရောက်ပြီး ပါဝင်ဆင်နွှဲနိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်။

**နိုင်ဆက်ဝေ(မန္တလေး)**


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


## နေအိမ်ပေါ်သို့ သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲခန့်က လုံးပတ် ၂ပေ၊ အမြင့် ၅၅ ပေခန့်ရှိ အုန်းပင်သည် ပင်စည်ဆွေးမြည့်၍ အမြင့် ၆ ပေခန့်မှ ကျိုးပြတ်ပြီး ပိုင်ရှင် ဦးလှိုင်သူရ၏ ပေ ၃၀ × ပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း နှစ်ထပ် နေအိမ်ပေါ်သို့ လဲကျနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် ၁၂ ပေ သွပ်သုံးချပ်နှင့် သစ်သားတန်း ၁၈ ပေ တစ်ချောင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**


**အိမ်ပြင်ပဋ္ဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၃ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ခေါင်လန်ဖူးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
လှိုင်မင်းအောင်


ဖားကန့်မြို့နယ်
ဖားကန့်သား


ထန်းတပင်မြို့နယ်
ဇင်မင်းထိုက်(ထန်းတပင်)


စကုမြို့
မောင်မောင်(မင်းဘူး)


ရန်ကင်းမြို့နယ်
လှလှထွေး(ပြန်/ဆက်)


ပခုက္ကူမြို့နယ်
ဘာမီသာ(ပခုက္ကူ)


သံတောင်ကြီးမြို့နယ်
နော်နော်မူ


မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)


ဖယ်ခုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းရယ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုးကောင်းမြို့နယ်
သန်းလွင်ဦး(ပြန်/ဆက်)


ရွာငံမြို့နယ်
ပြည့်ဖြိုးသန့်(ရွာငံ)


ခရမ်းမြို့နယ်
ခရမ်း(ပြန်/ဆက်)


ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
အေးမမွန်


ဟိုင်းကြီးကျွန်းမြို့
လှိုင်မျိုးအောင်(ပြန်/ဆက်)


ပုလောမြို့နယ်
အေးအေးမော်(ပုလော)


သဃ်န်းကျွန်းမြို့နယ်
ဇော်မိုး(သဃ်န်းကျွန်း)

## လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြပွဲနှင့်ဈေးရောင်းပွဲတော် ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းသုတေသနပြတိုက်ဝန်းအတွင်း MSME ထုတ်ကုန်များနှင့် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက စတင်၍ ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည်။

အဆိုပါ MSME ထုတ်ကုန်များနှင့် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ခင်းကျင်းရောင်းချနေမှုတို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့သည်။



MSME ထုတ်ကုန်များ ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ ပုဂံရောက်အမှတ်တရအထည်ချုပ်လုပ်ငန်း၊ အထည်အမျိုးမျိုး၊ အာလူးကြော်လုပ်ငန်းနှင့် အချိုရည်လုပ်ငန်း၊ အောင်ပါစေထန်းလျက်လုပ်ငန်းအမျိုးမျိုး၊ ပန်းပဲလုပ်ငန်း(မြန်မာ့ရိုးရာဓား အမျိုးမျိုး၊ အနော်ရထာဆီစက်လုပ်ငန်း၊ မြင်းနက်ပုန်းရည်ကြီးလုပ်ငန်း၊ ဆုလာဘ်စားသောက်ကုန်လုပ်ငန်းဖြစ်သည့် မန်ကျည်းတော်ဖီ၊ မန်ကျည်းပလီပ်ပြား၊ ပဲကြော်လုပ်ငန်းနှင့် ရွှေဥကြော်လုပ်ငန်းတို့မှထုတ်ကုန်များအား ခင်းကျင်းပြသထားသည်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၄စ၁)**



## မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်း ပုဂံဒေသရှိ လျောင်ဒဏ်သင့် ဘုရား၊ ပုထိုးများ အဆောက်အအုံထိန်းသိမ်းခြင်းနှင့် ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းမှု(ဒုတိယအဆင့်)ဖွင့်ပွဲ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၄**

၂၀၁၆ ခုနှစ်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသော ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံ (၇၂)ဆူအား အဆောက်အအုံပိုင်းဆိုင်ရာ ကြံ့ခိုင်ထိန်းသိမ်းခြင်းနှင့် နံရံပန်းချီနှင့် အင်္ဂတေပန်းတော့ဆိုင်ရာ ကြံ့ခိုင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အိန္ဒိယနိုင်ငံအစိုးရထောက်ပံ့မှုများဖြင့် Archaeology Survey of India (ASI) အဖွဲ့က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲနှင့် ပူးပေါင်း၍ ၂၀၂၀ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ပထမအဆင့် (၁၁)ဆူ လုပ်ငန်းအားဖြင့် ၂၂ ခုကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ရာ အောက်တိုဘာ ၃ ရက်၊ မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်း ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ဘုရား၊ ပုထိုးများ အဆောက်အအုံထိန်းသိမ်းခြင်းနှင့်ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းမှု(ဒုတိယအဆင့်)ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ယခုအခါ ဒုတိယအဆင့်အနေဖြင့် ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ရှေးဟောင်းဘုရား (၅၀)ဆူကို အဆောက်အအုံပိုင်းဆိုင်ရာ ကြံ့ခိုင်ထိန်းသိမ်းခြင်းနှင့် နံရံပန်းချီနှင့် အင်္ဂတေပန်းတော့ဆိုင်ရာ ကြံ့ခိုင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ ရှေးဟောင်းအဆောက်အအုံ ၅၀ ဆူအနက် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ရှေးဟောင်းအဆောက်အအုံ ၁၅ ဆူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့် လုပ်ငန်းစတင်ဆောင်ရွက်မှု ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်၊ မွန်းလွဲ ၂နာရီခွဲတွင် ရှေးဟောင်းအဆောက်အအုံ အမှတ် ၁၆၇၀(မဟာဗောဓိဘုရား)၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ အိန္ဒိယသံရုံး အမြဲတမ်းအတွင်းဝန်နှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ တက်ရောက် ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိန္ဒိယသံရုံး အမြဲတမ်းအတွင်းဝန်နှင့် ဧည့်သည်တော်များ၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄စ၁)**

## မြေပဲစိုက်ခင်းများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၅၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မြေပဲစိုက်ခင်းများကို တောင်သူများက ယခုနှစ် ဩဂုတ် ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ မြေပဲစိုက်ခင်းများ အားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် မြေပဲတောင့် ၅၅ ဒသမ ၂၆ တင်းနှုန်း ထွက်ရှိသည်။ **(ယာပုံ)**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသအတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်၍ မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံက သိရသည်။

(၄၄၅)



## ဆီထွက်သီးနှံများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း အောက်တိုဘာ ၄**

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၆၁၄၆ ဧက လျာထား၍ ၄၆၃၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၃၇ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ယခင်နှစ်စိုက်ဧက ၄၆၃၇၆ ဧကထက် ၇ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ စစ်ကိုင်းမြို့နယ်တွင် ဆီထွက်အထူးဇုန် မြေပဲ၊ နှမ်း၊ နေကြာများကိုလည်း လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းများဖြင့် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီချိန်တွင် မျိုးစေ့များရရှိနိုင်ရေးနှင့် သွင်းအားစု(ဓာတ်မြေဩဇာ)များကို စိုက်ပျိုးသည့် ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



## ပြည်ပနိုင်ငံများက ဝယ်ယူမှုနည်းပါးခြင်းကြောင့် မတ်ပဲဈေးနှုန်းအနည်းငယ်ကျဆင်းသော်လည်း ပဲစင်းငုံဈေးနှုန်းမြင့်တက်လာ

**မန္တလေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံမှ မတ်ပဲများကို အဓိကဝယ်ယူနေသော အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုနည်းပါးခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ် ကျဆင်းနေသော်လည်း ပို့ကုန်ပဲအမျိုးအစားတစ်ခုဖြစ်သည့် ပဲစင်းငုံမှာ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးရာသီမတ်ပဲထွက်ရှိခြင်းကြောင့် ဝယ်ယူမှုနည်းပါးသွားခြင်း၊ ပြည်တွင်းသိုလှောင်သူများကလည်း ဈေးနှုန်းကျဆင်းမှုကြောင့် သိုလှောင်မှုပမာဏကို လျှော့ချလာခြင်းတို့ကြောင့် မတ်ပဲဈေးနှုန်းအနည်းငယ်ကျဆင်းလာခြင်းဖြစ်သည်။

"ပြည်တွင်းမှ မတ်ပဲဈေးက အရင်လတွေမှာ တစ်တန်ကို ၂၉ သိန်းကျော်အထိ ရှိခဲ့ပေမယ့် အခုရက်ပိုင်းမှာ ၂၈ သိန်းကျော်အထိ ဈေးနှုန်းကျဆင်းလာတာကိုတွေ့ရတယ်။ အခုရက်ပိုင်းမှာ အဝယ် သိသိသာသာ ကျသွားခြင်းမျိုး မရှိတဲ့အတွက် အနည်းငယ် ပြန်လည်မြင့်တက်လာတာကိုလည်း တွေ့ရတယ်။ မတ်ပဲဈေးက ရက်ပိုင်းအတွင်း အေးဦးမယ်၊ သိသိသာသာကျဆင်းဖို့ကတော့ မရှိပါဘူး"ဟု မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ ကုန်သည်တစ်ဦးက ပြောသည်။



မတ်ပဲဈေးနှုန်းအနည်းငယ်ကျဆင်းလာသော်လည်း အိန္ဒိယနိုင်ငံကို တင်ပို့သည့် နောက်ထပ်သီးနှံအမျိုးအစားတစ်ခုဖြစ်သည့် ပဲစင်းငုံမှာ ပြည်တွင်းဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း၊ သိုလှောင်သူများက ဝယ်ယူမှုများပြားခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းအနည်းငယ်မြင့်တက်လာခြင်းဖြစ်နိုင်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

လက်ရှိဈေးကွက်အတွင်းတွင် ပဲစဉ်းငုံတစ်တန်လျှင် ငွေကျပ် ၂၃ သိန်းကျော်မှ ယခုအခါ ၂၄ သိန်းကျော်အထိ မြင့်တက်လာပြီး အရောင်းအဝယ်မှာလည်း သွက်လျက်ရှိကြောင်း၊ မန္တလေးဈေးကွက်အတွင်း သိုလှောင်သူများကလည်း ဝယ်ယူမှုဆက်တိုက်ပြုလုပ်လျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-စ)

ဝ-ဝ-ဝ-ဝ-ဝ

## ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းတံတားအမှတ် ၅ /၅၂ ကျိုးပျက်မှုအား ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် အမြန်ဆုံးပြန်လည် ပြုပြင်လျက်ရှိ



**ကျောက်ပန်းတောင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ရေလှောင်တမံမှ ရေကျော်စီးဆင်းမှုကြောင့် ကျောက်ပန်းတောင်း-မိတ္ထီလာ သွားကားလမ်း၊ ကိုင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၅၁/၄ မှ မိုင်တိုင် ၅၁/၇ အတွင်းရှိ တံတားအမှတ် ၅/၅၂ မှာ ရေတိုက်စားမှုကြောင့် အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ကျိုးကျပျက်စီးမှုဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်များ သွားလာမှု ယာယီပိတ်ထားခဲ့ရကြောင်း သိရပြီး ပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် မွန်းလွဲ ၁ နာရီ ၄၂ မိနစ်တွင် လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

စက်တင်ဘာ ၃၀ရက် နံနက် ၉ နာရီခန့်မှစတင်၍ ကြက်မောက်တောင်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုဖြစ်ပေါ်ခဲ့ရာ ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်း ရေကျော်မှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရေပိုလွှဲရေစီးဆင်းမှုကြောင့် မိုင်တိုင်အမှတ် ၅၁/၄ မှ မိုင်တိုင်အမှတ် ၅၁/၇ အတွင်းရှိ တံတားအမှတ် ၅/၅၂ ၏ မိတ္ထီလာဘက်ခြမ်းတွင် ရေတိုက်စားမှုကြောင့် ကျိုးပျက်မှုဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်များ သွားလာမရသဖြင့် လမ်းအား ယာယီပိတ်ထားခဲ့ရကြောင်းနှင့် ပြည်သူများသွားလာမှု အဆင်ပြေစေရန်နှင့် ခရီးလမ်းကြန့်ကြာမှု မဖြစ်စေရေးအတွက် ကျောက်ပန်းတောင်း တပ်နယ်မှူး ဗိုလ်မှူးချုပ်ဟိန်းဆက်၏ အနီးကပ်လမ်းညွှန်မှုဖြင့် ညောင်ဦးခရိုင် လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေငြိမ်းစိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ကြီးကြပ်၍ ဖောကားများဖြင့် ကျောက်ချခြင်း၊ ဘက်ဟိုးယာဉ်များဖြင့် ကျောက်ဖြည့် ပြုပြင်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၅၆)



## မှန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြီး ကင်းတားရေလှောင်တမံ၏ရေဝင်ရောက်မှုအခြေအနေ

**မြစ်သား အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကံဆည်ကျေးရွာအုပ်စုအနီးရှိ ကင်းတားရေလှောင်တမံအား အောက်တိုဘာ၁ရက် နံနက်ပိုင်းတိုင်းထွာချက်အရ လက်ရှိရေပမာဏ ၈၄၉၂၄၀ ဧကပေရှိပြီး ရေအမှတ်(အမြင့်ပေ)၆၇၈ ဒသမ ၀၂ ပေရှိသည်။ **(အပေါ်ပုံ)**

မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ၈၇၃၅၈၀ ဧကပေဖြစ်ပြီး ရေထပ်မံသိုလှောင်နိုင်မည့် ဧကပေ ၂၄၃၄၀ ကျန်ရှိကာ ဆည်ကန်ရေပြည့်ရေအမှတ်(အမြင့်ပေ)၆၈၀ပေဖြစ်၍ ကင်းတားရေလှောင်တမံအတွင်း ရေထပ်မံသိုလှောင်နိုင်မှုရေအမှတ်(အမြင့်ပေ)၁ ဒသမ ၉၈ ပေ ကျန်ရှိနေကြောင်း မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြီး ကင်းတားရေလှောင်တမံအတွင်းသို့ ရေအများအပြား ဝင်ရောက်လာနိုင်ကာ ကန်အတွင်းသို့ လှောင်ရေကြိုတင်လျှော့ချရန် လိုအပ်သည့်အတွက် ရေပိုလွှဲရေတံခါးလေးပေါက်မှ တစ်ပေစီထုတ်လွှတ်ထားရာမှ မွန်းတည့် ၁၂ နာရီမှစ၍ ရေပိုလွှဲရေတံခါးအမှတ်နှစ်နှင့် သုံးအား ၁ ဒသမ၅ ပေစီ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပြီး ရေတံခါးအမှတ်တစ်နှင့်လေးအား တစ်ပေစီ ပြောင်းလဲဖွင့်လှစ်ထားသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးအရာရှိ (မြို့ပြ) နှင့်ဝန်ထမ်းများက ကင်းတားဆည်တမံကြံ့ခိုင်မှုအခြေအနေ၊ ပန်းလောင်မြစ်ကြောင်းတစ်လျှောက် မိုးရွာသွန်းမှုအခြေအနေ အရရေပိုလွှဲတံခါးများအား ထိန်းညှိဆောင်ရွက်ခြင်းနှင့် ကင်းတားဆည်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများအား နှေးသမပြတ်စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ဒီဂျစ်တယ်အသိပညာခံယူချက်နှင့်အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်လှစ်

**ညောင်ဦး အောက်တိုဘာ ၄**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ယွန်းပညာကောလိပ်တွင် "ဒီဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းကို ယမန်နေ့နံနက်ပိုင်း ၁၀ နာရီက အဆိုပါကောလိပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ကထိက၊ ဌာနမှူးများ၊ နည်းပြနှင့် ပုဂံညောင်ဦးမြို့နယ်မှ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်ခင်ခင်လေးက သင်တန်းတွင် Online စနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများအကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲထားသည့် ssid website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများအကြောင်း၊ E-mail အကောင့်ဖွင့်နည်း၊ အသုံးပြုနည်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လုပ်ငန်းမှတ်ပုံတင်နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် Online Registration လျှောက်ထားပုံ အဆင့်ဆင့်တို့ကို အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၀ ဦးအား ပို့ချခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။



ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၁)**

## စာပေချစ်မြတ်နိုးသူများ၏ စာဖတ်ဝိုင်းကျင်းပ

**မြို့သစ် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးနှင့် မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ဧပြီလထုတ် သုတပဒေသာနှင့်လူငယ်ရေးရာ စာစောင်စာအုပ်ပါ "ဉာဏ်ရည်တု AI ၏ အံ့မခန်းစွမ်းဆောင်မှုများ"၊ "AI က လူသားတို့ကို ပိုမိုအကျိုးပြုစေရေး ဝိုင်းဝန်းကြိုးပမ်းပေး"အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ (Grade-9 ) ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းအိစ္စန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ယခုနှစ်စိုက်ပျိုးရာသီ မိုးဆီထွက်သီးနှံ အထူးဇုန်လုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိခဲ့

**စလင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် ဒေသအလိုက် အထူးဇုန်ဧရိယာများ စိစစ်သတ်မှတ်၍ အလေးထားဆောင်ရွက်လျက်ရှိရာ စလင်းမြို့နယ်အနေဖြင့် ဆီထွက်သီးနှံများဖြစ်သော မိုးမြေပဲ ၂၁၉၄၇ ဧက၊ မိုးနှမ်း ၇၀၂၁ ဧကနှင့် မိုးနေကြာ ၅၈၇ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး မိုးဆီထွက်သီးနှံအထူးဇုန်လုပ်ငန်းများ အောင်မြင်မှုရရှိခဲ့ကြောင်း စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအနေအဖြင့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ဒေသအလိုက် အထူးဇုန်ဧရိယာများ စိစစ်သတ်မှတ်၍ အလေးထားဆောင်ရွက်နေကြောင်း ယခုနှစ် မိုးဆီထွက်သီးနှံကို ယခင်နှစ်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံအလိုက် စိုက်ပျိုးမှုပုံစံအရ ပြောင်းလဲစိုက်ပျိုးမှုများလည်း ရှိကြောင်း၊ ယခုနှစ် မိုးနှမ်းသီးနှံများအားလုံးကို စက်တင်ဘာလအတွင်းက တစ်မြို့နယ်လုံး ရိတ်သိမ်းခဲ့ပြီးဖြစ်ကာ စုစုပေါင်းပျမ်းမျှအထွက်နှုန်းအားဖြင့် တစ်ဧကလျှင် ၁၂ ဒသမ ၂၃ တင်းနှုန်းရရှိခဲ့ပြီး ယခင်နှစ်ကထက် တစ်ဧကလျှင် ၁ ဒသမ ၈၈ တင်းနှုန်း ပိုမိုထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

"နွေနှမ်းသီးနှံ မရိတ်သိမ်းမီမှာ မိုးတွေရွာ၊ ရေတွေစီး၊ ရေလျှံနှစ်မြုပ်မှုတွေကြောင့် ကျွန်တော်တို့ ကျေးရွာအုပ်စုတွေမှာ နွေနှမ်းပျက်စီးထိခိုက်တာတွေကို တောင်သူတွေအနေနဲ့ ကြုံတွေ့လိုက်ရတယ်။ လယ်မြေမှာ မိုးစပါးမစိုက်မီ စိုက်ကြတဲ့ နှမ်းသမားတွေက ပိုပြီးရကြတာပေါ့။ အခုနှမ်းဈေးကလည်း တစ်တင်းကို အနက် ငွေကျပ် ၂၄၀၀၀၀ ကျော်၊ အဖြူငွေကျပ် ၉၅၀၀၀၊ အညို ငွေကျပ် ၉၀၀၀၀ ကျော်လောက်ရောင်းချရပါတယ်"ဟု စလင်းမြို့နယ် ရှမ်းစုကျေးရွာမှ ဒေသခံတောင်သူ ဦးသန်းဌေးအောင်က ရှင်းပြသည်။



စလင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်(ယခင်နှစ်)စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မိုးမြေပဲ ၂၀၉၄၇ ဧက၊ မိုးနှမ်း ၆၇၈၆ ဧကနှင့် မိုးနေကြာ ၄၇၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မိုးမြေပဲ ၂၁၉၄၇ ဧက၊ မိုးနှမ်း ၇၀၂၁ ဧက နှင့် မိုးနေကြာ ၅၈၇ ဧက နှစ်အလိုက် တိုးတက်မှုရှိအောင် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှသိရသည်။ **(ဝဲပုံ)(၅၀၀)**

# စကားလုံးပန်းချီရေးချက်များ(သို့မဟုတ်)ဟိုက္ကူကဗျာ၏ အလှတရား

သွယ်အောင်

၁၉၈၅ ခုနှစ် လွန်ခဲ့သောနှစ် ၄၀ က ဖြစ်သည်။ ရန်ကုန်မြို့သို့ရောက်ခိုက် ပန်းဆိုးတန်းစာအုပ်အရောင်းဆိုင်တန်းများမှ စာအုပ်ကလေးတစ်အုပ် မှတ်မှတ်ရရ ဝယ်ယူရရှိခဲ့သည်။ ယင်းစာအုပ်ကလေး၏ ထူးခြားချက်မှာ စာအုပ်၏ မျက်နှာဖုံးအတွင်းစာမျက်နှာတွင် စာရေးသူ၏ မူရင်းလက်မှတ်ထိုးပါရှိနေသည်။

စာရေးသူ၏ မူရင်းလက်မှတ်ထိုးပါရှိနေသော စာအုပ်မှာ ကျွန်တော်လေးစားမြတ်နိုးတန်ဖိုးထားရသော ကဗျာဆရာကြီးမင်းသုဝဏ်၏ မြန်မာဘာသာပြန် 'ဟိုက္ကူ ကဗျာမြည်းစရာ' ကဗျာစာအုပ်ကလေး ဖြစ်ပါသည်။

ရန်ကုန်မြို့မှအပြန် မန္တလေးအဆန် အမြန်ရထားပေါ်တွင် ဆရာကြီးမင်းသုဝဏ်၏ 'ဟိုက္ကူကဗျာ မြည်းစရာ' စာအုပ်ကို တစ်လမ်းလုံးဖတ်၍ လာခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်မှာ ထိုကဗျာစာအုပ်၏ အရသာကို ကောင်းစွာမခံစားတတ်ဘဲ ဗဟုသုတသိမှတ်စရာအဖြစ် ဖတ်ရှုမိသည်ကို ဝန်ခံရပေမည်။

အသက်အရွယ်ရလာပြီး နှစ်အတော်ကြာမှ ထိုစာအုပ်ကို ပြန်လည်ဖတ်ရှုမိပြီး ဟိုက္ကူကဗျာ၏ အရသာကို မြည်းစမ်းမိကာ ဟိုက္ကူကဗျာ၏ အလှတရားကို ရှာဖွေဖော်ထုတ်နိုင်တော့သည်။ ကိုယ်တိုင်လည်း ဟိုက္ကူကဗျာများ စမ်းသပ်ရေးဖွဲ့ကြည့်မိသည်။

ဟိုက္ကူကဗျာသည် ဂျပန်လူမျိုးတို့၏ ရိုးရာကဗျာအမျိုးအစားဖြစ်သည်။ ဝဏ္ဏစကားလုံး(၅/၇/၅)ပုံသဏ္ဌာန်နှင့် ရေးဖွဲ့ထားသည့် စကားလုံး(၁၇)လုံးရှိ သုံးကြောင်းကဗျာတိုလေးများသာ ဖြစ်သည်။ ပါဒစာကြောင်းရေသုံးကြောင်းထက် မပိုရပါ။ စကားလုံး၏အဆုံး စကားလုံးများ ကာရန်ညီရမည်။

ကျွန်တော်တို့၏ မြန်မာသံပေါက်ကဗျာနှင့် ခပ်ဆင်ဆင်တူသယောင်ရှိသော်လည်း များစွာကွဲလွဲပါသည်။ မြန်မာသံပေါက်ကဗျာမှာလည်း စကားလုံး(၄/၃/၅)ပုံသဏ္ဌာန်ဖြင့် ကာရန်ယူထားပြီး ပါဒသုံးကြောင်းထက် မပိုပါ။ အသံကို ပေါက်ရောက်ပေါ်လွင်စွာ ဖတ်ရှုတ်ရသော လင်္ကာတိုအမျိုးအစား ဖြစ်သည်။

ဟိုက္ကူကဗျာသည်လည်း လင်္ကာတိုအမျိုးအစားဖြစ်ပြီး ရာသီပြဉာဏ်အလင်းပွင့်(ဆာတိုရီ) ပစ္စုပ္ပန်ကို ရှုမှတ်ရသည်။ ဟိုက္ကူကဗျာများကို အမှတ်တမဲ့ဖတ်ကြည့်လျှင် လွယ်လွန်းသည်ဟု ထင်ရသော်လည်း သေချာဖတ်ကြည့်သောအခါ ရည်ရွယ်ချက်အဓိပ္ပာယ်ကို သိရှိဖို့ အချိန်အတော်ကြာကြာ တွေးယူခံစားရလေသည်။

ဟိုက္ကူကဗျာရေးဖွဲ့သည့် ကဗျာစာဆိုတို့မှာ များသောအားဖြင့် ဂျပန်ဘုန်းကြီးများဖြစ်ကာ တောတောင်အနှံ့သွားလာတရားအားထုတ်ရာမှ ဟိုက္ကူကဗျာများကို ရရှိလာကြသည်။

ဂျပန်ဘုန်းတော်ကြီး ဗာရှိုး(၁၆၄၄-၁၆၉၄)သည် တောတွင်းတစ်နေရာရှိ ကျောင်းသခ်မ်းနားလှည့်ပတ်စင်္ကြံလျှောက်နေစဉ် သူ၏ ခြေသံကြားပြီး ဖားကလေးတစ်ကောင်က ခုန်လိုက်သည့်အခါ 'ပလုံ' ဆိုသည့် ရေရဲ့အသံကို ကြားလိုက်ရသည်။ ထိုအခါ ဗာရှိုးလည်း သူကာလကြာရှည်စွာ ချုံနွယ်ပိတ်ပေါင်းကြီးတစ်ခုလို့ သိမြင်ထင်ထားသည် နေရာမှာ ရေကန်ရေအိုင်အိုကြီးဖြစ်နေမှန်း သိရှိသွားကာ (ဆာတိုရီ)ဉာဏ်အလင်းပွင့်ပြီး ဟိုက္ကူကဗျာ ကမ္ဘာကျော် 'အိုင်အိုကြီး' ကဗျာကို ရေးဖွဲ့ခဲ့ခြင်း ဖြစ်လေသည်။

ယင်းကဗျာကို ဆရာကြီးမင်းသုဝဏ်၊ ဆရာရဲမြလွင်နှင့် ကဗျာဆရာအတော်များများ မြန်မာဘာသာပြန်မိတ်ဆက်တင်ပြခဲ့ကြသည်။

**<u>အိုင်အိုကြီး</u>**

**အိုင်အိုကြီးပါလား**<br>
**အလို ရွှေဖားခုန်ဆင်းသွား**<br>
**'ပလုံ' မြည်သံကြား။**

**ဗာရှိုး**

ဆရာကြီးမင်းသုဝဏ်မြန်မာဘာသာပြန်ခဲ့သည့် ဗာရှိုး၏ ဟိုက္ကူကဗျာနောက်တစ်ပုဒ်ကိုလည်း ဖတ်ကြည့်ပါဦး။

**<u>ကန်စွန်းနွယ်</u>**

**ပန်းလှကန်စွန်းနွယ်**<br>
**ရေငင်ပုံးကြိုး သူတက်တွယ်**<br>
**ရေကို တောင်းရှာတယ်**

**ဗာရှိုး**

ဟိုက္ကူကဗျာတစ်ပုဒ်ရဖို့ အလွန်ခက်ခဲပါသည်ဟု ဂျပန်စာဆိုဘုန်းတော်ကြီးများ၏ အဆိုအရ သိရပြီး ဟိုက္ကူကဗျာကို ဉာဏ်နှင့် ဖမ်းဆုပ်ပြီး ရေးဖွဲ့ရသောကြောင့် ဖြစ်သည်။ အချို့ဘုန်းတော်ကြီးတွေ ကွယ်လွန်သွားပေမယ့် ဟိုက္ကူကဗျာရမသွားသူရှိသည်ဟု မှတ်သားရဖူးပါသည်။ တရားထိုင်ရင်း ဖျတ်ခနဲတွေ့ရသည့်အကြောင်းအရာကို လျှပ်တစ်ပြက်ဉာဏ်နှင့် ဖမ်းဆုပ်နိုင်မှသာ ဟိုက္ကူကဗျာ ရရှိလေသည်။

ဟိုက္ကူကဗျာတစ်ပုဒ်ရဖို့ အလွန်ခက်ခဲပါသည်ဟု ဂျပန်စာဆိုဘုန်းတော်ကြီးများ၏ အဆိုအရ သိရပြီး ဟိုက္ကူကဗျာကို ဉာဏ်နှင့် ဖမ်းဆုပ်ပြီး ရေးဖွဲ့ရသောကြောင့် ဖြစ်သည်။ အချို့ဘုန်းတော်ကြီးတွေ ကွယ်လွန်သွားပေမယ့် ဟိုက္ကူကဗျာရမသွားသူရှိသည်ဟု မှတ်သားရဖူးပါသည်။ တရားထိုင်ရင်း ဖျတ်ခနဲတွေ့ရသည့်အကြောင်းအရာကို လျှပ်တစ်ပြက်ဉာဏ်နှင့် ဖမ်းဆုပ်နိုင်မှသာ ဟိုက္ကူကဗျာ ရရှိလေသည်။

ဟိုက္ကူကဗျာသမိုင်းတွင် ဗာရှိုးသည် ဂျပန်ပြည်၏ အကြီးအကျယ်ဆုံးကဗျာကဝိကြီးအဖြစ် သတ်မှတ်ထားကြသည်။

'ဗာရှိုး' ဟူသောကလောင်မှာ 'ငှက်ပျောပင်' ဟု အဓိပ္ပာယ်ရသည်။ သူသည် ငယ်ရွယ်စဉ် က တည်းကပင် ဟိုက္ကူကို လေ့လာခဲ့သည်။ ဟိုက္ကူကဗျာထဲ၌ လောကဓမ္မကို ရှုမြင်သုံးသပ်ဖို့ထည့်သွင်းရေးမှု ပြုခဲ့သူဖြစ်ပြီး သဘာဝအလှတရားကိုလည်း ရှာဖွေဖော်ထုတ်ပြသနိုင်ခဲ့သည်။

ဗာရှိုးသည် ခရီးသွားရင်၊ ကဗျာရေးခဲ့ပြီး ခရီးသွားရင်းပင် သေဆုံးခဲ့သည်။ ဟိုက္ကူကဗျာကို သေသည်အထိ ရေးဖွဲ့သူဖြစ်သည်။ ဗာရှိုး သေခါနီး နောက်ဆုံးရေးခဲ့သည့် ကဗျာမှာ ခရီးဆိုသည့်ကဗျာ ဖြစ်သည်။

**<u>ခရီး</u>**

**ခရီးမှာဖျားနာ**<br>
**ငါ့အိပ်မက်တွေ ဆက်လျှောက်ခါ**<br>
**ခြောက်သွေ့လယ်ပေါ်မှာ။**

**ဗာရှိုး**

ကဗျာစာဆိုကြီး ဗာရှိုးအပြင် ဂျပန်ပြည်တွင် ထင်ရှားခဲ့သော ဟိုက္ကူကဗျာဆရာများမှာ တနိရချိဘူဆန်(၁၇၁၅-၁၇၈၃) အိဆ(၁၇၆၃-၁၈၂၆)၊ မဆိုမရှိကိ(၁၈၆၇-၁၉၀၂)တို့ ဖြစ်ကြသည်။

**<u>ပန်းတွေ</u>**

**ပန်းတွေဆီငါလာ**<br>
**သစ်ပင်အောက်မှာ အိပ်စက်ကာ**<br>
**လွတ်လပ်တဲ့ချိန်ခါ။**

**ဘူဆန်**

**<u>နွေဦး</u>**

**မေ့ထားတဲ့အိုးမှာ**<br>
**ပန်းကလေးတစ်ပွင့် ပွင့်လာ**<br>
**နွေဦးနေ့ပါ။**

**ရှိကိ**

ယခုအခါ ဟိုက္ကူကဗျာ၏ ရေစီးကြောင်း သည် ဂျပန်ပြည်တွင်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများမှ ကဗျာဆရာများလည်း ရေးဖွဲ့လာကြသည်။ ယူကေ၊ ထိုင်း၊ ကနေဒါ၊ စလိုကီးယား၊ စင်ကာပူ၊ ဂျာမနီ၊ အမေရိကန်၊ ကိုရီးယားနှင့် မြန်မာတို့ ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ကဗျာဆရာအချို့၏ ဟိုက္ကူကဗျာများကို မြည်းစမ်းကြည့်စေရန် တင်ဆက်ဖော်ပြပေးလိုက်ပါသည်။

ဂျပန်ဟိုက္ကူကဗျာသည် ခေါင်းစဉ်မရှိ၊ ကျွန်တော်တို့ မြန်မာကဗျာဆရာများက ခေါင်းစဉ်တပ်၍ ရေးဖွဲ့ခံစားကြပါသည်။

**<u>သန္တိသုခ နံနက်ခင်း</u>**

**နှင်းဆွတ် နံနက်ခါ**<br>
**ဆွတ်ပျံ့ဥသြသံသာသာ**<br>
**နွေကို လုခဲ့ရှာ။**

**မောင်ချောနွယ်**

**<u>ရှင်သန်ခြင်း</u>**

**စိမ်းမြရွက်နုနွယ်**<br>
**သံဆူးကြိုးပေါ်ရစ်ပတ်တွယ်**<br>
**မိုးထိ တက်တော့မယ်။**

**သွယ်အောင်**

**<u>ဆောင်း</u>**

**မီးပုံရှို့မရ**<br>
**သစ်ရွက်ခြောက်များ နှင်းစိုမြ**<br>
**တဆောင်းရောက်ပြန်ပ။**

**ချောဘသစ်**

**<u>လိပ်ပြာ</u>**

**မြက်ခင်းစိမ်းလဲ့လဲ့**<br>
**ပန်းရုံကလေးယိမ်းနွဲ့နွဲ့**<br>
**လိပ်ပြာလူပျိုလှည့်။**

**ဆဏ်းဝင်းအောင်**

**<u>ဆောင်းခိုငှက်</u>**

**ဆောင်းခိုတဲ့ ငှက်ချင်း**<br>
**မိုင်ထောင်ချီ ပျံသန်းအလင်း**<br>
**ရေကြည်ရာ နံ့တွင်း။**

**မောင်ရဲနွေ**

ဟိုက္ကူကဗျာတစ်ပုဒ်၏ကာလသည် အလွန်တိုတောင်းသည်။ ကဗျာဖတ်သူဖို့ အသက်ရှူနှုန်းတမ်ရှုစာမျှသာလျှင် ရှိ၏။ ခဏငယ်မျှသာ၊ ကဗျာ ရေးဖွဲ့သူအပေါ် တည်မှီပြီး ဆင့်ပွားတွေယူရလေသည်။ ဤတွင် ကဗျာရေးဖွဲ့သူနှင့် ကဗျာဖတ်သူ ဝိဝါဒကွဲပြားခြားနားနေသော်လည်း ဟိုက္ကူကဗျာသည် လောက၏အရှိအတိုင်းကို ဘုံဆက်သွယ်မှုဖြင့် ချိတ်ဆက်စေကာ ရေးဖွဲ့သူနှင့် ဖတ်သူနှလုံးသားချင်းနီးစေခြင်း ဖြစ်သည်။

ထိုအခါ လောကရှိ အလှတရားကို ဟိုက္ကူက ဖွင့်ဆိုလိုက်သောအခါ ဟိုက္ကူကဗျာ၏ အရသာကို ကောင်းစွာသိရှိစေပြီး ဟိုက္ကူကဗျာ ရေးဖွဲ့မှု ပျံ့နှံ့လာခြင်းဟု ဆိုရပေမည်။

**ရည်ညွှန်း။ ။ ဟိုက္ကူကဗျာမြည်းစရာ (မင်းသုဝဏ်)**

## အသက်(၅) နှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း အသိပေးဆွေးနွေးပွဲ ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၄**

အသက် (၅) နှစ်အောက် ကလေးများအတွက် အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်နှင့် ပိုမိုလွှမ်းခြုံနိုင်စေရန်၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် မြို့နယ်များရှိ (၅)နှစ်အောက်ကလေးငယ်များအား အာဟာရစောင့်ရှောက်မှုများ ပံ့ပိုးပေးနိုင်ရန်၊ အာဟာရချို့တဲ့မှု ခံစားနေရသည့် (၅)နှစ်အောက် ကလေးငယ်များအား စောစီးစွာ ရှာဖွေဖော်ထုတ်၍ ထိရောက်သော စောင့်ရှောက်မှုပေးနိုင်ရန်၊ ကိုယ်ဝန်ဆောင်နို့တိုက်မိခင်နှင့် (၅) နှစ်အောက် ကလေးငယ်များ၏ အုပ်ထိန်းသူများအား အာဟာရပြည့်ဝစွာ ပြင်ဆင်ချက်ပြုတ်စားသောက်တတ်စေရေး အသိပညာပေးရန် ရည်ရွယ်၍ အသက် (၅) နှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး ခန်းမ၌ ကျင်းပခဲ့သည်။




ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက အသက်(၅)နှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ခင်းကျင်းပြသထားသည့် အာဟာရစောင့်ရှောက်မှုလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုခဲ့ကြသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အသက် (၅)နှစ်အောက် ကလေးများအား ကြီးထွားဖွံ့ဖြိုးမှုတိုင်းတာခြင်း၊ အသက် ခြောက်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များ၏ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် သံဓာတ်အပါအဝင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည့် အဏုအာဟာရမှုန့်ထုပ်များ ပေးဝေခြင်းနှင့် သုံးစွဲနည်းအသိပညာပေးခြင်း၊ ကိုယ်ခံအားကောင်းပြီး ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းကို ကာကွယ်ရန်နှင့် မျက်စိအမြင်သန်မာစေရန်အတွက် အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကာကွယ်ရန်အတွက် သန်ချဆေးတိုက်ကျွေးခြင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာ စနစ်တကျ ကျွေးမွေးခြင်းအကြောင်း အသိပညာပေးဟောပြောခြင်း လုပ်ငန်းစဉ်များပါဝင်ပြီး အောက်တိုဘာ ၆ရက်မှ အောက်တိုဘာ ၂၀ရက်အထိ ညောင်ရွှေမြို့နယ်အတွင်းရှိ ကလေးငယ် ၅၃၈၁ ဦးအား စုရပ်နေရာ ၈၁ ခု သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီ၊ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၄**

ဒေသအတွင်းအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေနိုင်ရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ဒေသအတွင်း လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပြီး မိသားစုဝင်ငွေရရှိအောင် သင်တန်းမှ သင်ကြားပေးသည်များကို ပြန်လည်အသုံးချစေလိုကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ဦးဇေယျာကျော်က သင်တန်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးပြောကြားသည်။







ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ ထောက်ပံ့ပစ္စည်းများနှင့် သင်တန်းတွင် ထူးချွန်ဆုရအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်သူဇာနှင်း(မဒေါင်းလှကျေးရွာ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလငါးရက်ကြာတွင် ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြု လုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သစ်လွင်မိခင်

\- - - - - - - - - -

* ခေတ်တွေပြောင်းလဲ ခေတ်ဟောင်းလည်းကုန်
စနစ်စုံတွင်း ရှန်းကန်ရင်းဖြင့်
ဖြန့်ခြင်းပညာ ဝေမျှလာသည်
ပညာရှိကောင်း .....
အမိ ညောင်းရှာလေတော့မည် .....။

* ထိုမှတစ်ဖြတ် .....
ရိုက်ခတ်ရက်စက် ငလျင်ချက်ကြောင့်
ကွဲအက်မီးခ ဒဏ်ရာရသည်
ရင်မှာမချို သည်းအိမ်ဖိပြီ
အမိ ပင်ပန်း ရင်မှာနွမ်းသည်။

* အမိ ဒဏ်ရာ မချိစွာကို
မြန်စွာကုသ ပြင်ဆင်ကြဖို့
တွေးဆညှိနှိုင်းပြ အစိုးရ၏
မြတ်လှစေတနာ မေတ္တာအမြိုက်ဆေး
တိုက်ကျွေးပြင်ဆင် ကုသလျှင်ကြ
ဒဏ်ရာရသူ နာလန်ထူကာ
မိခင်ကျန်းမာ လာလေပြီ။

* ကျန်းမာပြီဆို .....
မန်းတက္ကသိုလ် ကျောင်းတစ်ခိုလုံး
တပြုံးပြုံးနှင့် ခိုင်မာဆုံးဖြတ်
စုရုံးဆင်နွှဲ ရာပြည့်ပွဲကား
တသဲသဲမော် ပျော်၍မဆုံး
ချစ်စ ထုံးနှောင် ဂုဏ်ပြုဆောင်ပြီ .....။

* ရာပြည့်ပွဲကြီး .....
ဝှံချီးဆင်ယင် သဘင်ခမ်းနား
များပြားဗိုလ်လူ ကျောင်းသူ၊ ကျောင်းသား
သုံးပါးအရွယ် ပျော်ရွှင်ဖွယ်နေ့
ဆုံကာတွေ့၏ ထိုသို့ဆုံလာ
များမေတ္တာကြောင့် အိုရာမှပျို
ပျိုရာမှနု ဥပမိလင်း
ရွှေရောင်ဝင်းစို မိခင်အိုလျှင်
တစ်ဖန်သစ်လွင်လာတကား .....။

(မန္တလေးတက္ကသိုလ်ရာပြည့်သဘင်အားဂုဏ်ပြုပါ၏)

နိုင်ဗလ



## ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ကောဒသမကြိမ်မြောက် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာမြောက်ကန်ကန်ဦးကန်ထိပ်၌ တည်ထားကိုးကွယ်သော ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ကောဒသမကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးထံက သိရသည်။

ဓမ္မသုခရွှေစည်းခုံစေတီတော် ရင်ပြင်တော်မှာ သီတင်းကျွတ်ကာလ သီတင်းကျွတ်ဆီမီးထွန်းညှိပူဇော်ပွဲအဖြစ် နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်တဲ့ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့နဲ့ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ သုံးရက်တိုင် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဓမ္မသုခရွှေစည်းခုံစေတီတော်ကို ၂၀၁၅ ခုနှစ်မှာစတင်တည်ထား ကိုးကွယ်ခဲ့တာဖြစ်ပေမယ့် မြန်မာလနဲ့တွက်ရင် သီတင်းကျွတ်လကာလကို တစ်ဆယ့်တစ်ကြိမ်မြောက် ဖြတ်ကျော်ရောက်ရှိခဲ့တာဖြစ်လို့ ဒီနှစ်ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲက ကောဒသမကြိမ်မြောက်ဖြစ်ပါတယ်ဟု အဆိုပါ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုး ကပြောသည်။ အဆိုပါ ဓမ္မသုခရွှေစည်းခုံ စေတီတော် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲအပြင် မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုရားပုထိုးစေတီတော်များတွင် သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(၄၅၃)



## ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာလောင်းလှူပူဇော်ပွဲ ကျင်းပမည်

**ပုဂံ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ကျောင်း၌ ဘုရားအမှူးပြုသော သံဃာတော် ၁၂၅ ပါးအား ပင့်ဖိတ်၍ သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာလောင်းလှူပူဇော်ပွဲကို အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားသည်။

ယခုနှစ်တွင် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ပုဂံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်ကျောင်းအသီးသီးမှ ဆရာတော်သံဃာတော်များနှင့် အနီးဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များ စုစုပေါင်း သံဃာတော် ၁၂၅ ပါးအား ပင့်ဖိတ်၍ ဝါကျွတ်ပဝါရဏာလောင်းလှူပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များက သံဃာတော်များအား ပဝါရဏာလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ကြိုတင်၍ ဆရာတော်ထံသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိသည်။

အဆိုပါ သီတင်းကျွတ်ပဝါရဏာလောင်းလှူပူဇော်ပွဲကို ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရ၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်ပြည်သူများ စုပေါင်း၍ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ကျင်းပလျက်ရှိကြောင်း သိရပြီး ပြီးခဲ့တဲ့နှစ်က သံဃာအပါး ၁၂၀ ပင့်ဖိတ်ကာ သီတင်းကျွတ် ပဝါရဏာလောင်းလှူပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး စိန်ပူးတော်၊ ငှက်မြတ်နားတော်အတွက် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**



မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏စိန်ဖူးတော်အား အသစ်ပြန်လည် တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရေးမှူမပျက် ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှငွေများ လာရောက်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၃ ရက်က မဟာအောင်မြေမြို့နယ် ၈၄ လမ်းနေ သုဓမ္မဇောတဓရ ဦးအောင်နိုင်ဆွေ+အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်နွယ် မိသားစု(သီရိရွှေစင်ရွှေဆိုင်)က ပတ္တမြားစိန်ခြယ်၊ မြစိန်ခြယ်၊ နီလာလုံးချော စုစုပေါင်းငွေကျပ်သိန်း ၁၅၀၀ ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့နာယက ဦးရွှေဇင်၊ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 087 3020610044 9101 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 01 7130 1000 12259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 017012 1000 00750နှင့် ဖုန်း-၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (၀၄၅)

## စန္ဒီမယ်တော်ပူဇော်ပွဲစည်ကားစွာကျင်းပ ဘုရားကျောင်းများတွင် စတုဒိသာကျွေးမွေး



**မန္တလေး အောက်တိုဘာ ၄**

ဟိန္ဒူဘာသာဝင်များ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော စန္ဒီမယ်တော်ရေမျှောပူဇော်ပွဲကို အောက်တိုဘာ ၂ရက် မွန်းလွဲ ၃နာရီမှစတင်ပြီး ညနေ ၆နာရီအထိ မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းများမှ ၂၆လမ်း၊ ၃၅လမ်းတို့မှ မြို့ပတ်ကမ်းနားလမ်းအတိုင်း ရပ်ကွက်အလိုက် ဓမ္မတေးများသီဆို၊ ရိုးရာတေးသီချင်းများဖြင့် တပျော်တပါး ပင့်ဆောင်၍ ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ကြသည်။ (အပေါ်ပုံ)

ရေမျှောပွဲလာရောက်သူများသည် ၃၅လမ်းနှင့်မြို့ပတ်လမ်းထောင့်ရှိ ဂဂ်ါဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ကျောင်းဝင်းအတွင်းတွင် စေတနာရှင်များက သက်သက်လွတ် ထမင်း၊ အိန္ဒိယအစားအစာများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းသည်။ အောင်မြေသာစံမြို့နယ် နန်းရှေ့ ၁၉လမ်း မဟာကာလီမယ်တော် ဟိန္ဒူဘုရားကျောင်းနှင့် ချမ်းအေးသာစံမြို့နယ် ၂၈လမ်း ရှရီဒူရ်ဂါရီ ဟိန္ဒူဘုရားကျောင်း၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း အမ်ဘီကာ ဟိန္ဒူဘုရားကျောင်းများတွင်လည်း ရေမျှောပွဲပြန်လာသူများအား သက်သက်လွတ် ထမင်းများဖြင့် စတုဒိသာ ကျွေးမွေးခဲ့ကြောင်း သိရသည်။ (၀၄၅)

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုခြင်း၊ သစ်ပင်ပိခြင်းတို့ကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ရေနံချောင်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာခဲ့မှုကြောင့် နေအိမ်ပေါ်သို့ သစ်ပင်ကြီးများ အမြစ်လန်လဲကျကာ ညောင်လှရပ်ကွက် ကမ်းနားရပ်တွင် နေအိမ်သုံးလုံးနှင့် တွင်းကုန်းရပ်တွင် နေအိမ်တစ်လုံး ပျက်စီးခဲ့ပြီး ဖောင်းကတောကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာတွင် နေအိမ်ပေါ်သို့ မြေပြိုကျမှုကြောင့် နေအိမ်သုံးလုံး စုစုပေါင်း နေအိမ် ခုနစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။



အဆိုပါ ဘေးသင့် နေအိမ် ခုနစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၅၅၀၀၀၀ နှင့် ဘေးသင့်အိမ်ထောင်စုဝင် ၃၀ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၅၀၀၀၀ နှင့် အိမ်ထောင်စုတစ်စုစာ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် တာဝန်ရှိသူများက ဘေးသင့်အိမ်ထောင်စုများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ထူးထူးခြားခြား ကန်တော့ခံ ဆရာကြီးတစ်ဦး

မန္တလေးတက္ကသိုလ် ရာပြည့်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပေပြီ။ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသော ဌာနအသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများကိုလည်း ပူဇော်ကန်တော့ကြသည်။ ယခုလို ကြုံတောင့်ကြုံခဲ အာစရိယပူဇော်ပွဲတွင် အသက်(၇၀)နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများမှာ ၆၀၀ ဦးခန့် ရှိသည်ဟု ဆိုပါသည်။ ထိုဆရာကြီး၊ ဆရာမကြီးများသည် ကျန်းမာသက်ရှည်စွာဖြင့် ကြွရောက်ချီးမြှင့် နိုင်ကြပါစေကြောင်းကိုလည်း ကြိုတင်ဆုတောင်းခဲ့ရပါ၏။ အာစရိယ ပူဇော်ပွဲကြီးတွင် ပြည်တွင်းမှ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသကဲ့သို့ ပြည်ပမှ ကြွရောက်လာမည့် ပုဂ္ဂိုလ်များလည်း ရှိနိုင်ပါသည်။ စာရေးသူတို့ သတ္တဗေဒဘာသာရပ်အနေဖြင့် တင်ပြရလျှင် အမေရိကန်နိုင်ငံမှ ကြွရောက်လာမည့် ပါမောက္ခ ဆရာကြီး ဒေါက်တာ အက်(ဖ်)ဒယ်လ်ဖင် ကြွရောက်မည့် သတင်းကောင်းကို သိရှိရရာ တပည့်အပေါင်းက ဝမ်းမြောက်ဝမ်းသာပီတိဖြာကြိုဆိုလျက်ရှိပါသည်။

ဆရာကြီးတစ်ဦးတည်းကို ကွက်၍ဖော်ပြရခြင်းမှာ အခြားဌာနပေါင်းစုံမှ ဆရာကြီး၊ဆရာမကြီးများကို မလေးစား မရိုသေ၍ မဟုတ်ပါ။ ထူးထူးခြားခြားဖြစ်နေ၍ ဖော်ပြရခြင်းပါ။ ပထမ ထူးခြားချက်မှာ ဆရာကြီး ဒေါက်တာ ဒယ်လ်ဖင်သည် အသက်အရွယ်အားဖြင့် (၉၆)နှစ် ရှိပြီဖြစ်ပြီး မိုင်သောင်းချီ ဝေးကွာလှသော အမေရိကမှ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို ဆိုလိုချင်ပါသည်။ သတ္တဗေဒမိသားစု၏ ၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ်၊ ၂၀၁၅ ခုနှစ် သတ္တမအကြိမ်၊ ၂၀၁၇ ခုနှစ် အဋ္ဌမအကြိမ် နှင့် ၂၀၁၉ ခုနှစ် နဝမအကြိမ် ဆရာကန်တော့ပွဲများတွင်လည်း ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ ဒုတိယထူးခြားချက်အနေဖြင့် ဆရာကြီးသည် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာန၏ ပထမဦးဆုံး ပါမောက္ခဖြစ်သကဲ့သို့ ဆရာကြီးနှင့် ခေတ်ပြိုင် အခြားသောဌာန အသီးသီး၏ ပါမောက္ခအများစုမှာ ကွယ်လွန်သွားကြပြီးဖြစ်၍ ဆရာကြီး တစ်ဦးတည်းသာ သက်ရှည်ကျန်းမာစွာ ကျန်ရှိနေခြင်း ဖြစ်ပါသည်။ မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနကို ဦးဆောင်ဦးရွက်ပြုလျက် တပည့်ပေါင်းများစွာကို မွေးထုတ်ပေးခဲ့ရာတွင် သတ္တဗေဒဘာသာရပ်ဖြင့် နိုင်ငံ့အကျိုးပြု ဆောင်ရွက်နိုင်သူများစွာလည်း ပေါ်ထွက်ခဲ့ပါသည်။ ကမ္ဘာ့အဆင့်မီ ပညာရှင်များဖြစ်အောင်လည်း ပြုစုပျိုးထောင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ဆရာကြီးက မြန်မာနိုင်ငံရှိ သတ္တဝါများကို သုတေသနဆောင်ရွက်လျက် စာတမ်းများစွာကိုလည်း ပြုစုခဲ့သူတစ်ဦး ဖြစ်ပါသည်။ မန္တလေးတက္ကသိုလ် သတ္တဗေဒဘာသာရပ် တိုးတက်ရာ တိုးတက်ကြောင်းကိုလည်း များစွာဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံးအသုံးပြုရန် သတ္တဗေဒပြဋ္ဌာန်းချက် စာအုပ်များကိုလည်း ပြုစုခဲ့ရာ ဌာနရှိ တပည့် ဆရာ၊ ဆရာမများ ပါဝင်ရေးသားရန် မြေတောင်မြှောက်ပေးခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။ တက္ကသိုလ်ပညာပဒေသာစာစောင် စတင်ထုတ်ဝေစဉ်ကာလကပင် သတ္တဗေဒဆိုင်ရာ ဆောင်းပါးများစွာကို မြန်မာဘာသာဖြင့် ရေးသားခဲ့ပါသည်။ တပည့် ဆရာ၊ ဆရာမများကိုလည်း လက်တွဲခေါ်ယူ၍ ပူးတွဲရေးသားကာ ဘာသာရပ်ဆိုင်ရာစင်မြင့်တွင် အသွင်တင့်စေခဲ့ပါသည်။ နိုင်ငံတကာပညာရပ်ဂျာနယ်များတွင်လည်း သုတေသနဆောင်းပါးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြမှုများစွာလည်း ရှိခဲ့ပါသည်။ ဘာသာရပ်အတွက် စာပေသင်ကြားပို့ချခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနဆောင်ရွက်ခြင်းတို့ကို သိပ္ပံနည်းကျလမ်းညွှန်ခဲ့သဖြင့် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနအတွက် ကျေးဇူးများခဲ့ပါသည်။

ဆရာကြီးကို ခေတ်ရှေ့ပြေးသူတစ်ဦးအဖြစ်လည်း မှတ်ယူကြည်ညိုမိပါသည်။ 'သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းစောင့်ရှောက်ရေး' ဟူသော စကားရပ်သည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကျော်ကာလကမှ တွင်ကျယ်စွာ သုံးစွဲသည်ဟု ယူဆပါသည်။ ဆရာကြီးက လွန်ခဲ့သည့် အနှစ် ၅၀ ခန့် ၁၉၇၄ ခုနှစ်လောက်ကပင် တောရိုင်းသတ္တဝါ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိအမြင်များကို မျှဝေခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန် ဦးစွာလမ်းပြခဲ့သည်ဟု မှတ်ယူနိုင်သည်။ ဆရာကြီး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစာတမ်းကို စတုတ္ထနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ဆက်စပ်လျက်ရှိသော ကောလိပ်များရှိ သတ္တဗေဒသင်ရိုးအမှတ်(၄၀၄)တွင် ထည့်သွင်းပြဋ္ဌာန်းလျက် စာမေးပွဲတွင် မဖြေမနေရ ဖြေဆိုခဲ့ရသည်ကို သတိရနေမိသည်။

ဆရာကြီး၏ အခြားထူးခြားချက်တစ်ရပ်မှာ ဂီတဝါသနာဖြစ်သည်။ ဆရာကြီးက ဂီတပညာကိုလည်း ထဲထဲဝင်ဝင် လေ့လာခဲ့သူတစ်ဦးဖြစ်ပါသည်။ ဂီတသင်္ကေတများကိုလည်း နားလည်သူ အသံထည့်နိုင်သည်အထိ တတ်ကျွမ်းသည်။ စန္ဒရားအတီးကောင်းသကဲ့သို့ မြန်မာ့ပတ္တလားနှင့် မြန်မာ့စောင်းကောက်ကိုလည်း တီးခတ်နိုင်ရန် သင်ယူခဲ့သည်။ မြန်မာ့စောင်းကောက်ကိုလည်း ဂုဏ်ယူစွာဖြင့် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံအထိ သယ်ယူသွားခဲ့သူလည်း ဖြစ်ပါသည်။ မြန်မာသီချင်းများကိုလည်း မြတ်မြတ်နိုးနိုး သီဆိုခဲ့သည်။ ယခင်က မန္တလေးတက္ကသိုလ်ဂီတဆည်းဆာပွဲများတွင် ဆရာကြီးက စန္ဒရားတီး၍ သီဆိုခဲ့မှုများလည်း အထင်ကရ ရှိခဲ့ဖူးပါသည်။ အမေရိကန်နိုင်ငံမှ မန္တလေးတက္ကသိုလ် သတ္တဗေဒအာစရိယပူဇော်ပွဲများသို့ ခဏကြွရောက်ချိန်တွင်လည်း စန္ဒယားတီး၍ သီချင်းသီဆို ဖျော်ဖြေလေ့ရှိပါသည်။ မန္တလေးပိုင်သီချင်းသီးသန့် မဟုတ်တော့ဘဲ မြန်မာတစ်နိုင်ငံလုံးပိုင်သီချင်းဖြစ်သွားသော မြနန္ဒာသင်္ကြန်သီချင်းကိုလည်း တပည့်များအားလုံး ပျော်ရွှင်စွာ ကခုန်ပွဲသိမ်းစေရန် ဆရာကြီးက တီးခတ်ပေးတတ်လေ့လည်း ရှိပါသည်။

ဆရာကြီးက တပည့်များအပေါ် ဆက်ဆံရာတွင်လည်း သား၊သမီးများသဖွယ် စောင့်ရှောက်ပါသည်။ မန္တလေးတက္ကသိုလ် ရာပြည့်ပွဲအတွက် လူမှုကွန်ရက်စာမျက်နှာများတွင် ဆရာကြီး၏ တပည့်များက ဆရာကြီးအကြောင်းများ တင်ပြကြသည်များက သက်သေခံလျက်ရှိသည်။တပည့်များအား စာသင်ရုံသာမက ကျွေးမွေးစောင့်ရှောက်ပုံ၊ ကောင်းရာသို့ လမ်းညွှန်ပို့ဆောင်ပုံ၊ ဆုံးမသွန်သင်ပုံများမှာ ဆရာကောင်းတစ်ယောက်ပီသမှုကို နှစ်ပေါင်းများစွာကြာသည့်တိုင် ဆရာ့တပည့်များက မမေ့နိုင်ဘဲ ဖော်ကျူးလျက် ရှိနေကြပါသည်။

ဆရာကြီး ဒေါက်တာ အက်(ဖ်)ဒယ်လ်ဖင်၏ ဂုဏ်ကျေးဇူးများကား ကြီးမားလှပါသည်။ ယခုလောက်ဖော်ပြရုံမျှဖြင့် မလုံလောက်ပါ။ မန္တလေးတက္ကသိုလ် ရာပြည့်အာစရိယပူဇော်ပွဲကြီးတွင် ကြွရောက်ကန်တော့ခံမည့် ဆရာကြီး ဒေါက်တာ အက်(ဖ်)ဒယ်လ်ဖင်ကို သက်ရှိထင်ရှားကန်တော့ခွင့်ရသည်က သတ္တဗေဒကျောင်းသား၊ ကျောင်းသူအဟောင်းအသစ်များအားလုံးအတွက် တစ်သက်တာအမှတ်တရအဖြစ် ဦးခိုက်ပူဇော်ခြင်းဟူ၍ မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

မန်းတင့်မော်

## စာအုပ်ခင်ကဏ္ဍ

စာအုပ်အမည် – တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ (စဆုံး၊ လေးတွဲပေါင်းချုပ်)
စာရေးသူ – ရွှေဥဒေါင်း
ထုတ်ဝေသည့်စာပေတိုက် – စိတ်ကူးချိုချိုစာပေ
တန်ဖိုး – ပထမတွဲ၊ ၉၅၀၀ ကျပ်(စာမျက်နှာ ၃၈၂ မျက်နှာ)
– ဒုတိယတွဲ၊ ၉၅၀၀ ကျပ်(စာမျက်နှာ ၃၄၇ မျက်နှာ)
– တတိယတွဲ၊ ၉၅၀၀ ကျပ်(စာမျက်နှာ ၃၈၆ မျက်နှာ)
– စတုတ္ထတွဲ၊ ၁၁၀၀၀ ကျပ် (စာမျက်နှာ ၄၃၄ မျက်နှာ)
မျက်နှာဖုံးနှင့်အတွင်းပန်းချီ – စိုးဝင်းငြိမ်း၊ ဘငွေးကြည်
ထုတ်ဝေသည့်ကာလ – ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ




ဆရာကြီး ရွှေဥဒေါင်း ကိုယ်တိုင်ရေးသည့် အတ္ထုပ္ပတ္တိ စာအုပ် ဖြစ်သည်။ 'တချို့သော အတ္ထုပ္ပတ္တိစာအုပ်များ၌ စာရေးဆရာသည် ကောင်းပေ့ဆိုသော အရည်အချင်းများနှင့် တောက်ပြောင်သော အပြုအမူများကိုသာ ဖော်ပြလေ့ရှိရာ မိမိ၏အဖြစ်အပျက်ကို မိမိကိုယ်တိုင်ရေးသားဖော်ပြသည့် တစ်သက်တာမှတ်တမ်းစာအုပ်တွင် ထိုကဲ့သို့ ပြုမူပါက အတ္ထုပ္ပတ္တိရေးသားနည်း အစဉ်အလာကို နားလည်သော ပရိသတ်၏ ကဲ့ရဲ့သင်္ဂြိုဟ် အပြစ်ဆိုကြခြင်းကို ခံရဖွယ်ရာရှိပေလိမ့်မည်။ ကျွန်ုပ်သည် လက်ခံရရှိထားသည့် အထက်ပါ ပြစ်တင်စာမျိုးကို သည်းခံရမည်ဖြစ်သော်လည်း ညံ့ဖျင်းမှုများကို မြှုပ်ထား၍ လူချီးမွမ်းစရာ တစ်သက်တာမျိုးကိုသာလျှင် ရေးသားဖော်ပြမိပါက ပါးရည်နပ်ရည်ရှိသော ပရိသတ်၏ ပြစ်တင်ကဲ့ရဲ့ခြင်းကို ကြောက်လှပါသည်။'

(ရွှေဥဒေါင်းအမှာစာမှ–)

တစ်တွဲခြင်း ဝယ်ယူဖတ်ရှုနိုင်သလို လေးအုပ်တွဲလည်း ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်နှင့် မန္တလေးစာအုပ်အရောင်းများတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် – အရက်သမား အမှားတစ်ခါ
စာရေးသူ – သုမောင်
ထုတ်ဝေသည့်စာပေတိုက် – စိတ်ကူးချိုချိုစာပေ
တန်ဖိုး – ၇၀၀၀ ကျပ်
မျက်နှာဖုံးသရုပ်ဖော် – ကာတွန်း မောင်မောင်အောင်
ထုတ်ဝေသည့်ကာလ – ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (စတုတ္ထအကြိမ်)
စာမျက်နှာ – ၁၄၃ မျက်နှာ




စာစု ၁၆ ပုဒ်စုစည်းထားပြီး တွတ်ပီစာအုပ်တိုက်၏ ပထမအကြိမ် မူအတိုင်းထွက်ရှိလာသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် အရက်သမား အမှားတစ်ခါ၊ တစ်ခါမှား တစ်ခါမိ၊ ဗိုလ်အောင်ဒင်ကို လွမ်းရခြင်း၊ မကောင်းသူထိပ် ကောင်းသူထိပ်၊ ဝတ်ဒ်မောနင်း ဟောင်ကောင်၊ ဒေါင့်ကြီးပွဲမှာလေ၊ ရွှေမန်းတင်မောင်၏ လွန်းတစ်ရာချိတ်ပုဆိုးကြီး၊ သာခု-သုမောင် စာပေတိုက်ပွဲ၊ တစ်ခါတုန်းကပေါ့ဗျာ၊ သုမောင်၏ အရက်ပုလင်းနှင့် ခင်သန်းနု၏ ရေမွှေးပုလင်း၊ မောင့်ဆိုးမျိုးခံနိုင်သူကို၊ ကွေးအပေါ်တင်သည့် ကြွေး၊ ဝင်းဦး၏ ခွေးတွေနှင့်လေ၊ ယောက္ခမကြီး မျက်နှာညိုသဗျ၊ မုဆိုးသုံးယောက်နှင့်သမင်များ၊ ပထမအကြိမ် အရက်ဖြတ်ခြင်း ခေါင်းစဉ်တို့ဖြင့် ရေးထားသော စာစုများ ဖြစ်သည်။

စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်သုမောင်၏ အတွေ့အကြုံများကို ရယ်ရွှင်ဖွယ် ခပ်သွက်သွက် ရေးထားသော ဆောင်းပါးများဖြစ်ပြီး အသောအထေ့သရော်စာ ကြိုက်နှစ်သက်သူများသဘောကျမည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး) စာအုပ်အရောင်းဆိုင်နှင့် မန္တလေးစာအုပ်အရောင်းများတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## လေပြင်းတိုက်ခတ်မှုများကြောင့် ဒတ်ချ်လေကြောင်းလိုင်း KLM က လေကြောင်းခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်း




သည်ဟိဂ် အောက်တိုဘာ ၄

လေပြင်းတိုက်ခတ်မှုများကြောင့် နယ်သာလန် နိုင်ငံတစ်ဝန်း အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့ပြီးနောက် ဒတ်ချ်လေကြောင်းလိုင်း KLM က အောက်တိုဘာ ၄ ရက်တွင် အမ်စတာဒမ်မြို့ရှိ စခီဖိုလ်လေဆိပ်တွင် ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည့် လေကြောင်းခရီးစဉ် ၁၀၀ ကျော်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

မုန်တိုင်းထန်သော ရာသီဥတုဖြစ်စဉ်ကြောင့် ဝင်ရောက်လာမည့် လေကြောင်းခရီးစဉ် ၈၀ နှင့် ထွက်ခွာမည့်လေကြောင်းခရီးစဉ် ၇၀ ကျော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း KLM ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအင်န်ပီ သတင်းဌာနသို့ ပြောသည်။

တော်ဝင်နယ်သာလန်မိုးလေဝသဌာနက ကုန်းတွင်းပိုင်းတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၉၀ ကီလိုမီတာအထိနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၀ ကီလိုမီတာအထိ တိုက်ခတ်နိုင်သည့်အတွက် အဝါရောင်သတိပေးချက် ထုတ်ပြန်ထားခြင်းဖြစ်သည်။

သစ်ကိုင်းများ ကျိုးကျခြင်းအပါအဝင် အန္တရာယ်ရှိသော အခြေအနေများအတွက် သတိထားကြရန် ပြည်သူများအား အကြံပြုတိုက်တွန်းထားသည်။

ဆင်ဟွာ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နေ့စဉ်အစားအစာတွင် ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် တိရစ္ဆာန်ထွက် အစားအစာများကို အသင့်အတင့်သာစားသုံးသင့်

ဝါရှင်တန် အောက်တိုဘာ ၄

ကျန်းမာရေးနှင့်ညီညွတ်သော နေ့စဉ်အစားအစာတွင် အသားကို အနည်းဆုံး ပမာဏဖြင့်သာ ထားရှိသင့်သည်ဟု နိုင်ငံတကာ ကျွမ်းကျင်သူများက အောက်တိုဘာ ၃ ရက်တွင် ထပ်လောင်းအတည်ပြုလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာသည် "အဓိကအားဖြင့် အပင်အခြေခံဖြစ်ပြီး တိရစ္ဆာန်ထွက် အစားအစာများကို အသင့်အတင့်သာထည့်သွင်းကာ သကြား၊ ပြည့်ဝဆီနှင့် ဆားတို့ကို အနည်းဆုံး စားသုံးသင့်သည်" ဟု လန်းဆက်ဆေးပညာဂျာနယ်တွင် ထုတ်ဝေသည့် အစီရင်ခံစာရေးသူများက တင်ပြခဲ့သည်။

အဆိုပါ အစီရင်ခံစာသည် ၂၀၁၉ ခုနှစ် လေ့လာမှုအပေါ် အခြေခံထားပြီး၊ အသားစားသုံးမှုကို အလွန်နည်းပါးသော ပမာဏအထိ လျှော့ချရန် အကြံပြုခဲ့ရာ ခုခံမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးရေး-အစားအစာပညာရှင်များက ထိုလေ့လာမှု၏ တွေ့ရှိချက်များကို ပယ်ချခဲ့ကြပြီး၊ ၎င်းတို့ကို ချဲ့ကားခြင်း၊ အန္တရာယ်ရှိခြင်း သို့မဟုတ် ဒေသခံစားသုံးမှု အလေ့အထများနှင့် မကိုက်ညီဟုလည်း ထောက်ပြခဲ့ကြသည်။

သို့သော်လည်း လူမှုရေးမညီမျှမှုများသည် အစားအစာရရှိမှုကို မည်သို့ ဟန့်တားသည်ကဲ့သို့သော လက်တွေ့အခြေအနေအချို့ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ခြင်းနှင့်ပတ်သက်၍ သတိပေးခဲ့သော်လည်း သိပ္ပံပညာရှင်အသိုင်းအဝိုင်းကမူ ထိုအကြံပြုချက်များကို ကြိုဆိုခဲ့ကြသည်။

ကော်မရှင်သည် ပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ အရင်းအမြစ်များအပေါ် အာရုံစိုက်ခဲ့သော်လည်း မွမ်းမံထားသော "ကမ္ဘာ့ဂြိုဟ် ကျန်းမာရေး အစားအစာသည် လေ့လာမှု၏ အမျှော်လင့်ဆုံးသော ကဏ္ဍဖြစ်ကြောင်း သိရသည်။

Mon



## လက်ရှိကမ္ဘာမြေ၏ ပူနွေးလာသော ရာသီဥတုကြောင့် အန္တာတိကတိုက်ရှိ ရေခဲပြင်ပျော်ဝင်မှုနှုန်း မြင့်တက်လာ

ဝါရှင်တန် အောက်တိုဘာ ၄

လက်ရှိကမ္ဘာမြေ၏ ပူနွေးသော ရာသီဥတုကြောင့် အန္တာတိကတိုက်တွင် အာတိတ်ဒေသ၌ တွေ့ရှိရသည့် အကျိုးသက်ရောက်မှုများနှင့် ပိုမိုတူညီလာသည့် သက်ရောက်မှုများ ဖြစ်ပေါ်နေပြီး၊ ဆိုလိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေမျက်နှာပြင်သည် ယခင်က ခန့်မှန်းထားသည်ထက် ပိုမိုလျင်မြန်စွာ မြင့်တက်လာနိုင်ကြောင်း ဒိန်းမတ်သုတေသီများက အောက်တိုဘာ ၃ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

"အန္တာတိကတိုက်ကို အာတိတ်ဒေသထက် ပိုမိုတည်ငြိမ်သည်ဟု အချိန်ကြာမြင့်စွာ ယူဆခဲ့ကြသည်၊ သို့သော် ယနေ့တွင် ထိုပုံစံသည် ပြောင်းလဲသွားခဲ့သည်" ဟု ထုတ်ပြန်ချက်တွင် ဒိန်းမတ် မိုးလေဝသသိပ္ပံမှ ရှယ် မော့ထရမ်က ရေးသားတင်ပြသည်။

"ပင်လယ်ရေခဲတွေ ပျောက်ကွယ်နေပါတယ်၊ ဒီနေရာမှာလည်း အပူချိန်တွေ မြင့်တက်လာပါတယ်၊ ရေခဲစီးကြောင်းတွေ ပိုမိုအရှိန်မြှင့်လာပြီး အရည်ပျော်ရေတွေက ရေခဲမြစ်တွေထဲက အက်ကွဲကြောင်းတွေထဲကို ထိုးဖောက်ဝင်ရောက်နေပါတယ်၊ ဒါကြောင့် ရေခဲမြစ်တွေဟာ ပင်လယ်ဆီကို ပိုမိုမြန်ဆန်စွာ စီးဆင်းနေပါတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ယင်းဖြစ်ပေါ်တိုးတက်မှုသည် "သတိပေးစရာ ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် တောင်ဘက်ရှိ ရေခဲထုများသည် မြောက်ဘက်ရှိ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့်ပတ်သက်၍ ကြီးမားသော အလားအလာရှိသည်" ဟု မော့ထရမ်က သတိပေးသည်။

အဆိုပါ ဒိန်းမတ်သုတေသီသည် လုပ်ဖော်ကိုင်ဖက် ခြောက်ဦးနှင့်အတူ "အန္တာတိက၏ ဂရင်းလန်ပုံစံ ပြောင်းလဲလာခြင်း" ခေါင်းစဉ်ဖြင့် သဘာဝဘူမိသိပ္ပံဂျာနယ်တွင် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။

ဂြိုလ်တုလေ့လာတွေ့ရှိချက်များနှင့် ရာသီဥတုပုံစံများအပေါ် အခြေခံ၍ ကောက်ချက်ချထားသော ထိုသိပ္ပံပညာရှင်များသည် "ဂရင်းလန်ပုံစံ ပြောင်းလဲလာခြင်း" ဟူသော ဝေါဟာရကို ဂရင်းလန်တွင် ကောင်းစွာလေ့လာတွေ့ရှိထားပြီး နားလည်ထားသော ပြောင်းလဲမှုများ၏ မှန်ဘီလူးဖြင့် အန္တာတိကပတ်ဝန်းကျင်ရှိ ပြောင်းလဲမှုများကို နားလည်ရန်နှင့် ခန့်မှန်းရန် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုထားကြောင်း သိရသည်။

Mon

## နည်းပညာလုပ်ငန်းများ အရှိန်အဟုန် မြင့်တက်လာမှုကြောင့် တိုကျိုဈေးကွက်ရှိ နစ်ကေး ဈေးနှုန်းကို မြင့်တက်လာစေခဲ့

တိုကျို အောက်တိုဘာ ၄

နည်းပညာလုပ်ငန်းများ ရုတ်တရက် အရှိန်အဟုန် မြင့်တက်လာမှုကြောင့် ဂျပန်နိုင်ငံ၊ တိုကျိုဈေးကွက်ရှိ နစ်ကေး ဈေးနှုန်းကို မြင့်တက်လာစေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၌ အစိုးရလုပ်ငန်းများ ရပ်ဆိုင်းမည့် စိုးရိမ်ပူပန်မှုများက ဘဏ်အတိုးလျှော့ချမည့် မျှော်လင့်ချက်များကို ဖယ်ရှားပစ်ခဲ့ပြီး အကောင်းမြင်မှုက သီတင်းပတ်ကုန်သို့ ဦးတည်သွားခဲ့သည့်အတွက် အာရှစတော့ရှယ်ယာအများစုဈေးနှုန်း မြင့်တက်စေခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်များတစ်လျှောက် စုဝေးမြင့်တက်မှုသည် ဉာဏ်ရည်တုဆိုင်ရာ ကိစ္စရပ်အားလုံးတွင် ကုမ္ပဏီများက ဒေါ်လာဘီလျံပေါင်းများစွာ ရင်းနှီးမြှုပ်နှံခြင်းနှင့် အရောင်းအဝယ်သမားများက ထိုလုပ်ဆောင်မှုများတွင် ပါဝင်ရန် စိတ်အားထက်သန်ခြင်းတို့ကြောင့် ဖြစ်ခဲ့ရသည်ကို တွေ့ရှိရသည်။

ထိုအချက်က အကြီးဆုံး နာမည်ကျော် ကုမ္ပဏီအချို့၏ တန်ဖိုးများကို မယုံကြည်နိုင်လောက်သည့် အဆင့်များအထိ တွန်းပို့ပေးခဲ့ပြီး အမေရိကန်အခြေစိုက် အင်န်ဗီဒီယာချစ်ပ်ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄ ထရီလီယံကျော်အထိ ရောက်ရှိကာ ဈေးကွက်များစွာကို စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

Mon

## ၂၀၁၄ ခုနှစ်မှစ၍ မြေထဲပင်လယ်၌ သေဆုံးသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်ရှိ

ဂျီနီဗာ အောက်တိုဘာ ၄

၂၀၁၄ ခုနှစ်မှစ၍ မြေထဲပင်လယ်၌ သေဆုံးသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၃ ရက်တွင် ပြောသည်။

ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်သေဆုံးမှုနှင့်အတူ မြေထဲပင်လယ်သည် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် သေမင်းထောင်ချောက် ဖြစ်နေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လွန်ခဲ့သည့် ၁၂ နှစ်ခန့်က အီတလီကျွန်းတစ်ကျွန်းဖြစ်သည့် လမ်ပီဒူဆာကျွန်းတွင် ပိုမိုကောင်းမွန်သည့် ဘဝရှာဖွေရေးအတွက် ထွက်ခွာလာခဲ့ကြသည့်ရွှေ့ပြောင်းနေထိုင်သူ ၃၆၈ ဦးမှာ ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးခဲ့ရသည်။

ထိုအချိန်တွင် ကုလသမဂ္ဂအေဂျင်စီများက ပြောင်းလဲမှုအတွက် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုခဲ့ကြပြီး ထိုသို့အဖြစ်ဆိုးမျိုး နောက်ထပ်မဖြစ်စေရန် ကတိပြုခဲ့ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။



သို့သော်လည်း ယခုအချိန်အထိ ပင်လယ်ထဲတွင် အသက်ဆုံးရှုံးရမှုများ ရှိနေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ မြေထဲပင်လယ် လမ်းကြောင်းတစ်လျှောက် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၄၂ ဦး အသက်ဆုံးရှုံးရပြီး အသက်ဆုံးရှုံးရသူများထဲမှငါးဦးလျှင် တစ်ဦးမှာ ကလေးများဖြစ်သည်ဟု ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

လူကုန်ကူးသူများ စီစဉ်ထားသော အန္တရာယ်ရောပြွမ်းသည့် လမ်းကြောင်းများကို မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် စနစ်တကျ ရွှေ့ပြောင်းနိုင်သော ဘေးကင်းသည့် လမ်းကြောင်းများ အားကောင်းလာရေး အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃) တွင်တည်ရှိသော ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်အိမ် အဆောက်အအုံ(မီးမီတာ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးသန်းငွေအောင်(၉/မရတ(နိုင်)၀၆၃၀၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် ၄၀လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၁၅၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၅၅)ဧက အကျယ်ရှိ ဦးမြင့်ဦးအမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၁၅၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၅)ဧက အကျယ်ရှိ ဦးစိန်ဝင်းအမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းဂရန်မြေကွက်များပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရန်ကျူးဟွေ(ဘ)ဦးရန်ရှိဖိန်း(၁၃/မဆတ(နိုင်)၀၁၈၀၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသျှိုင်းလင်းထက် (LL.B)** | **ဒေါ်စင်မာဝေ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း ၀၉-၅၁၇၆၈၉၀** | **ဖုန်း ၀၉-၉၆၈၀၀၀၀၁၅** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၆)၊ တိုက်(၁၆)၊ အခန်း(၉)၊ ဒုတိယထပ်တိုက်ခန်းမှာ ဒေါ်ထက်ထက်ထွန်း(ဘ)ဦးထွန်းရီ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကြေးမုံဝင်း(ဘ)ဦးနေဝင်း(၈/မဘန(နိုင်)၀၈၂၀၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ဝေဝေအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖဖ-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၄၅၁၀၁၁၊ ၀၉-၄၄၁၀၁၁၈၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၇)၊ ဦးပိုင်အမှတ်(၄၉-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်နုနုဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သဲသဲလွင်(ဘ)ဦးစန်းလွင်(၉/မနတ(နိုင်)၁၀၃၇၉၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်ကောင်းစုဝမ်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အကွက်(၈၀၆)၊ လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၀၆၅၄၆၊ ၀၉-၉၆၄၄၄၆၅၄၆**

# ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

တပည့်သံဃာ ဒကာ၊ ဒကာမအပေါင်းတို့၏ ကျောက်ထီးတန္တု အလေးဂရုပြုအပ်သော ကျေးဇူးတော်ရှင် မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ အာဂမ နယူပဒေသကျောင်းနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ် တိပိဋကပါဠိ- မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဆရာတော်

# ဘဒ္ဒန္တဥ္စယျာဘိဝံသ မဟာထေရ်မြတ်သည်

၁၃၈၇-ခုနှစ် သီတင်းကျွတ်လဆန်း(၈)ရက်၊ (၂၉-၉-၂၀၂၅)တနင်္လာနေ့၊ နံနက်(၃)နာရီ ၃၁ မိနစ်အချိန်၌ သက်တော်(၈၀)၊ ဝါတော်(၆၀)အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ (၇-၁၀-၂၀၂၅)အင်္ဂါနေ့၊ မွန်းတည့်(၁၂)နာရီအချိန် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၇ လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်၊ အာဂမ နယူပဒေသကျောင်း(ယာယီစံကျောင်းမဏ္ဍပ်)၌ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြုလုပ်ပြီး မစိုးရိမ်ကျောင်းတိုက်ကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ကာ နံ့သာထင်းမျိုးစုံတို့ဖြင့် အန္တိမ အဂ္ဂိစျာပနဆင်ယင်ကျင်းပ ပူဇော်ကြမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒကာ၊ ဒကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၆)၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ် အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ခင်ပြည့်စုံ(ဘ)ဦးမောင်မောင်ရင်(၉/ကပတ(နိုင်)၀၃၂၁၃၅)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီရိ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၄(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၈၇၁၆၄၆၈၊ ၀၉-၄၀၇၂၇၀၀၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၅၂)၊ အိုးဘိုရွှေကျင်ရပ်ကွက်အတွင်းရှိ အိမ်အမှတ်(၄၄၃)၊ မြေဧရိယာ အရှေ့နောက်(၄၀)ပေ၊ တောင်မြောက်(၃၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး (မီတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သင်းသင်းမြတ်(ဘ)ဦးအောင်နိုင်(၅/မရန(နိုင်)၀၀၃၆၅၃)ကိုင်ဆောင်သူနှင့် ဒေါ်အိအိခိုင်(ဘ)ဦးသန်းမြင့်(၉/အမဇ(နိုင်)၀၂၄၆၃၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အဆုံးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးရဲဇော်ဦး (LL.B,(Q), D.B.L)** | **ဦးလမင်းသော်တာ (LL.M, M.Res)** | **ဒေါ်သွယ်သွယ်စန်း (LL.B)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**"ကျော်"ဥပဒေအကျိုးဆောင်၊ ကျိုကုန်းရပ်ကွက်၊ မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း ၀၉-၄၀၂၆၂၆၃၉၃၊ ၀၉-၄၃၀၇၆၉၄၈၊ ၀၉-၇၇၅၅၀၈၇၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)တွင်တည်ရှိသော ဦးပိုင်အမှတ်(၁၀၈)၊ ဧရိယာဧက(၀ ဒသမ ၀၂၇၅) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးယောစက်(၉/မကန(နိုင်)၀၇၅၈၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် ၄၀လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

❖ MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ နှင့် စားသောက်ကုန်များထပ်မံရောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့အတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၄

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ကျောက်မဲမြို့၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်မဲမြို့ရှိ အုပ်ချုပ်ရေးယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဥပဒေရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်း ၃၄ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်မဲမြို့သို့ ထပ်မံရောက်ရှိကြပြီး ၎င်းတို့နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လှူဒါန်းသော ဆန်အိတ် ၅၀၀ နှင့် ဆီပိသာ ၅၀၀ တို့ ထပ်မံရောက်ရှိလာသဖြင့် အောက်တိုဘာ ၃ ရက်မှ ယနေ့အထိ စုစုပေါင်း ဆန်အိတ် ၁၀၀၀၊ ဆီပိသာ ၁၀၀၀၊ ပဲပိသာ ၃၀၀၊ ဆားပိသာ ၅၀၀၊ Family Kits ၆၇ ပုံးတို့ ရောက်ရှိပြီဖြစ်ပြီး အဆိုပါစားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ယာယီနေရပ်စွန့်ခွာခဲ့သည့် ဒေသခံတိုင်းရင်းသားပြည်သူများသည်လည်း ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေး**

၎င်းအပြင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်တင်တူးဖော်ပေးခြင်းနှင့် စာသင်ခန်းများအတွင်း၊ အပြင်သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြပြီး ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၊ ကျောက်မဲမြို့မဈေးနှင့် ပတ်ဝန်းကျင်နေရာများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကျောက်မဲမြို့ရှိ အုပ်ချုပ်ရေးယန္တရားများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက ကြိုဆိုကြစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောက်မဲမြို့ မြို့မဈေး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ် (အဝေးသင်သင်တန်း) မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုကြရမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## အားကောင်းသောအပူပိုင်းမုန်တိုင်း "မတ်မို" ပိုမိုအားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "မတ်မို"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး နောက် ၆ နာရီအတွင်း တိုင်ဖွန်းမုန်တိုင်း "မတ်မို"အဖြစ် ပိုမိုအားကောင်းလာနိုင်သည်။ ထို့မှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၅ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ကမ်းခြေဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

